# နောက်မိုးအတွက်ပြင်ဆင်ချက်

အယ်လင်ဂျီဝှိုက်ရေးသားသည့် Latter Rain စာအုပ်ကို
ဦးအေး၊ ဘတင်က မြန်မာပြန်ဆိုသည်။

(တတိယအကြိမ်)

## ကျန်ကြွင်းသောအသင်းတော်အတွက် ခရစ်တော်၏သတင်းစကား

### လောဒိကိအသင်းတော်၏ကြီးမားသောလိုအပ်ချက်

ခရစ်တော်နှင့်စာတန်တို့၏ယှဉ်ပြိုင်မကြီးသည်ဆုံးခန်းတိုင်ရောက်လုပြီ။ စာတန်သည် မနုဿသတ္တဝါတို့၏သမိုင်းစဉ်တွင် နောက်ဆုံးဇာတ်သိမ်းခန်းအတွက် မိမိ၏အင်အားစုများကိုအစီအစဉ်ပြုလုပ်ထားလျက်ရှိသည်။

ဗျာဒိတ်ကျမ်း၊ ၁၂း၁၂ တွင် "မြေကြီးနှင့်ပင်လယ်သည်အမင်္ဂလာရှိ၏။ အကြောင်းမူကား၊ မာရ်နတ်သည်မိမိကာလတစ်ခဏသာရှိသည်ရှိသိ၍ ပြင်းစွာသောဒေါသအမျက်နှင့်တကွ သင်တို့ရှိရာသို့ဆင်းလေပြီ" ဟု ရေးသားဖော်ပြထားသည်။

၁ပေ၊၅း၈။ "သမ္မာသတိရှိလျက်မအိပ်ဘဲစောင့်နေကြလော့။ သင်တို့၏ရန်သူတည်းဟူသောမာရ်နတ်သည်ဟောက်သောခြင်္သေ့ကဲ့သို့အဘယ်သူကိုမျိုရမည်နည်းဟူ၍လှည့်လည်ရှာဖွေလျက်ရှိ၏။"

အလားတူသတိပေးချက်မျိုးကို ဘုရားသခင်၏သံတမန်က ကျန်ကြွင်းသောအသင်းတော်အားပေးထားသည်။

"ဘေးအန္တရာယ်များသောကာလသည်ကျွန်ုပ်တို့ရှေ့တွင်ရှိနေပေသည်။ သမ္မာတရားကိုကျွမ်းသောသူတိုင်းသည်နိုးထ၍ ကိုယ်ခန္ဓာဝိညာဉ်နှင့်အသက်အပါအဝင်မိမိ၏ကိုယ်တိုင်အား ဘုရားသခင်၏ ဆုံးမသွန်သင်ခြင်းကိုခံယူစေသင့်ပေသည်။ ရန်သူသည် ကျွန်ုပ်တို့သွားရာလမ်းတွင် အစဉ်တစိုက်လျှောက်လိုက်လျက်ရှိသည်။ သူ့ကို ကွယ်ကာ တားဆီးထားရာတွင်ကျွန်ုပ်တို့သည်နိုးနိုးကြားကြားရှိသင့်ကြပေသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏လက်နက်



စုံကိုဝတ်ဆင်ထားရကြမည်။ ပုရောဖက်ဟောသောစကားချက်များအားဖြင့် ပေးထားတော်မူသောညွှန်ကြားချက်များကိုကျွန်ုပ်တို့သည် လိုက်နာကြရမည်။ ယခုခေတ်ကာလအတွက်ထားရှိသောသမ္မာတရားကိုချစ်မြတ်နိုး၍လိုက်နာကြရမည်။ ဤကဲ့သို့ပြုလုပ်လျှင်ထက်မြက်လှသောထင်မိယောင်မှားသဘောတရားများကိုခံယူခြင်းအန္တရာယ်မှ ချမ်းသာရာရရှိကြလိမ့်မည်။ အသင်းတော်အတွက်သက်သေခံချက်များစာစောင်များမှလည်းကောင်း၊ ကျွန်ုပ်တို့၏ပစ္စုပ္ပန်တာဝန်နှင့် ကျွန်ုပ်တို့ယခုအခါ၌ရပ်တည်နေရမည့်အခြေအနေကိုပြတ်သားစွာသိရှိနားလည်စေရန်အထောက်အကူပြုသောစာစောင်များမှလည်းကောင်း ဘုရားသခင်သည်ကျွန်ုပ်တို့အားဗျာဒိတ်တော်ထားရှိတော်မူသည်။ တရွေ့ရွေ့ညီညာစွာတိုးတက်လျက်ပေးထားတော်မူသောသတိပေး

ချက်များနှင့်ကျင့်ဝတ်များကို ကျွန်ုပ်တို့သည်လိုက်နာကျင့်သုံးသင့်ကြပေသည်။ ၎င်းတို့ကိုကျွန်ုပ်တို့သည်လျစ်လျူရှုလျှင်အဘယ်မည်သော ဆင်ခြင်ကိုပေးနိုင်စွမ်းရှိကြမည်နည်း။"

"ဘုရားသခင်သည်ကျွန်ုပ်အားပြတော်မူသောအရာများကိုကျွန်ုပ်သည်သင်တို့အားတင်ပြနေပါသည်။ ၎င်းတင်ပြချက်များသည် ရူပါရုံ၌ ဘုရားသခင်ကကျွန်ုပ်အားဖွင့်ပြတော်မူသောအရာများဖြစ်ရာ ၎င်းတို့သည် ပလ္လင်တော်မှထွန်းလင်းသောအဖိုးတန်လင်းရောင်ခြည်များဖြစ်သည်။

အရေးကြီးကြုံသောကာလသည်ကျွန်ုပ်တို့အား
စောင့်ဆိုင်းလျက်ရှိခြင်း

ကမ္ဘာ့သမိုင်းစဉ်တွင်ယခုကဲ့သို့မှောင်မိုက်သောကာလတွင် ဘုရားသခင်၏ပလ္လင်တော်ဆီမှထွန်းလင်းနေသောလင်းရောင်ခြည်တိုင်းကိုကျွန်ုပ်တို့မှုချပင်လိုအပ်သည်။ကမ္ဘာကြီးအားကြီးမားလှသော



အရေးကြီးကြုံကာလကစောင့်ဆိုင်းနေသည်ကို ကျွန်ုပ်တို့အသိပင်ဖြစ်သည်။ သို့ရာတွင် "အရေးကြီးကြုံသောကာလသည် ဘုရားသခင်၏ လူတို့အားစောင့်ဆိုင်းနေသည်" ဖြစ်ကြောင်းသက်သေခံချက်များ စာစောင်အတွဲ ၅၊ စာမျက်နှာ ၇၁၁ တွင်ကျွန်ုပ်တို့ဖတ်ရှုရသည်။

"အရေးကြီးကြုံကာလသည် ကျွန်ုပ်တို့ရှိရာသို့တဖြည်းဖြည်းနှင့်တိတ်တဆိတ်ကျရောက်လာလျက်ရှိသည်။ သူ့အချိန်သည်တိုတောင်းကြောင်းကိုစာတန်သိရှိသည်။ စုံစမ်းရာကာလကုန်ဆုံး၍ ကရုဏာတံခါးသည်ထာဝစဉ်ပိတ်သွားသောနေ့တိုင်အောင် လူတို့သည် လှည့်ဖြားခံရခြင်း၊ ထင်ယောင်ထင်မှားဖြစ်ခြင်း၊ မအားမလပ်နိုင်အောင် အလုပ်များခြင်းနှင့်မိန်းမောတွေဝေနေခြင်းစသည်တို့ဖြင့်အချိန်ကိုကုန်လွန်နေစေရန် စာတန်သည်သူ့ကိုယ်စားလှယ်များရှိသမျှတို့ကို အလုပ်ပေးထားခဲ့လေပြီ။"

"မပြေနိုင်သောအမျက်ဒေါသမျိုးဖြင့် မုန်တိုင်းတစ်ခု ဦးတိုက်ခတ်လာလျက်ရှိသည်။ ၎င်းကိုရင်ဆိုင်ရန်ကျွန်ုပ်တို့သည် အဆင်သင့်ရှိကြပြီလော။"

"ကြောက်မက်ဖွယ်သောစမ်းသပ်ခြင်းများနှင့်စုံစမ်းခြင်းများသည် ဘုရားသခင်၏လူတို့ကိုစောင့်ဆိုင်းလျက်ရှိသည်။"

"မကြာမီသောကာလအတွင်း ကမ္ဘာမြေကြီးပေါ်သို့ ကြောက်မက်ဖွယ်ကောင်းသောတရားစီရင်ချက်များ ကျရောက်လာမည်ဟူသောအသိအမြင်မျိုးဖြင့် တရားဟောချက်တိုင်းကိုဟောပြောတင်ပြသင့်ပေသည်။ ဘုရားသခင်၏လူတို့သည် ထာဝရကာလ၏နယ်နိမိတ်အတွင်းသို့ရောက်ရှိနေသောသူများအနေဖြင့်လုံ့လဝီရိယရှိခြင်း၊ ကျင့်ကြံပြုမူခြင်းနှင့်လုပ်ကိုင်ဆောင်ရွက်ခြင်းများရှိစေရန် ဘုရားသခင်

သည်သူတို့အားမစပါစေသော်။”

ရာစုနှစ်ထက်ဝက်ကျော်ကျော်လောက်က (၁၉၀၉) ဘုရားသခင်

၄

၏အမှုထမ်းက ရေးသားသည်မှာ၊–

“အကယ်၍ ခရစ်တော်၏စစ်သည်တော်တိုင်းသည် မိမိ၏တာဝန်ကိုကျေပြွန်စွာထမ်းဆောင်ခဲ့လျှင် ကမ္ဘာကြီးသည်သတိပေးသတင်းစကားကို ယခုအချိန်ထက်စော၍ ကြားသိရပေမည်။ သို့ရာတွင် အမှုတော်သည်နှစ်ပေါင်းများစွာနောက်ကျလျက်ရှိသည်။”

“ဘုရားသခင်၏လူတို့သည်ကရုဏာသတင်းစကားဗတ်ကို ကမ္ဘာမြေကြီးအားဟောပြောရာတွင်ကိုယ်တော်၏ရည်စူးချက်ကိုအကောင်အထည်ဖေါ်ခဲ့ကြလျှင် ခရစ်တော်သည်ယခုအချိန်ထက်စော၍ကမ္ဘာမြေကြီးသို့ကြွမြန်းလာတော်မူပြီးလျှင် သန့်ရှင်းသောသူအပေါင်းတို့သည်လည်း ဘုရားသခင်၏မြို့တော်သို့ဝင်စားရပြီးဖြစ်ပေလိမ့်မည်။”

အကယ်၍အချို့သူများက “ဟုတ်ပါတယ်၊ဒါပေမယ့်တနင်္ဂနွေနေ့မှာ ဘုရားဝတ်ပြုကိုးကွယ်တာမှအပ တခြားဘာအလုပ်မှုမလုပ်ကိုင်ရဆိုတဲ့ဥပဒေမှထွက်ပေါ်မလာသေးဘဲ” ဟုစောဒကတက်လျှင် ထိုသူတို့သည်အောက်ပါအချက်ကိုစဉ်းစားသင့်ပေသည်။

“ရှေးခေတ်အသင်းတော်၏ယုံကြည်ခြင်းနှင့်စွမ်းအားတို့ကိုပြန်လည်အသက်ဝင်လာပါလေစေ။ ထိုအခါညှဉ်းပန်းနှိပ်စက်လိုသောသဘောသည်ရှင်ပြန်လာ၍ ညှဉ်းပန်းနှိပ်စက်ခြင်းမီးကိုပြန်လည်ထွန်းညှိလိမ့်မည်ဖြစ်သည်။”

ယေရှု၏ကြွလာတော်မူခြင်းသည် နှစ်ပေါင်းများစွာပင်ကြန့်ကြာနေပြီဖြစ်သောကြောင့် ကိုယ်တော်၏ကြွလာတော်မူခြင်းကိုလျင်မြန်စေရန်၊ ၄င်းအပြင်ကျွန်ုပ်တို့သည်ဆောလျင်စွာပြင်ဆင်နိုင်ရန် ထိုကြန့်ကြာနေသောအကြောင်းရင်းအမှန်ကိုဝီရိယဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း ယခုအခါတွင်လေ့လာရန်သင့်လျော်သည်မဟုတ်ပါလော။

၅

“လူသတ္တဝါကိုယ်စားလှယ်တော်တို့သည်ဘုရားသခင်၏ကိုယ်စားလှယ်တော်များဖြစ်သော သန့်ရှင်းသောဝိညာဉ်တော်၊ ဗကောင်းကင်တမန်များတို့နှင့်လက်တွဲလုပ်ကိုင်လျှင် မြောက်မြားစွာသောဝိညာဉ်တို့ကို ကယ်တင်ရပြီးဖြစ်လိမ့်မည်။ သို့ရာတွင်ဘုရားသခင်၏လူများဟုခေါ်ဆိုသောသူတို့သည် မိမိတို့အတွက်သတ်မှတ်ထားသောလုပ်ငန်းကိုမဆောင်ရွက်ဘဲငိုက်မျဉ်းအိပ်ပျော်လျက်နေကြသည်။”

“သန့်ရှင်းသောဝိညာဉ်တော်သည် မိမိနှင့်ပေါင်းဖက်လုပ်ဆောင်မည့်ပုဂ္ဂိုလ်များကိုစောင့်မျှော်လျက်ရှိသည်။ သန့်၏

ရှင်းသောဝိညာဉ်တော်မိုးကိုလက်ခံယူရန်အသင်းတော်သည် စရည်အိုး ခွက်များကိုအသင့်ပြင်ထားပြီးသည်နှင့်တစ်ပြိုင်နက် ဝိညာဉ်တော်ကို သွန်းလောင်းတော်မူမည်။"

"ကမ္ဘာမြေကြီးပေါ်တွင်ကျရောက်ဖြစ်ပျက်မည့် အဖြစ်အပျက်ကိုရင်ဆိုင်ရန် ကျန်ကြွင်းသောအသင်းတော်သည်အဆင် သင့်မဖြစ်သည်ကိုကျွန်ုပ်တွေ့မြင်ရသည်။ နောက်ဆုံးသတင်းစကားကို ကျွန်ုပ်တို့လက်ဝယ်ရရှိထားသည်ကိုယုံကြည်သည်ဆိုသောသူများတို့၏ စိတ်များတွင်အရေးမစိုက်သည့်အမူအရာကဲ့သို့သော ထုံထိုင်းခြင်းသည် တွယ်ကပ်နေဟန်ရှိသည်။ ကျန်ကြွင်းသောအသင်းတော်အတွက်လုပ် ငန်းကြီးတစ်ခုကိုအပြီးဆောင်ရွက်ရမည်။ ကောင်းကင်တမန်ပြောကြား သည်မှာ "မရေတွက်နိုင်အောင်များပြားသည့်ဆိုးယုတ်သောကောင်း ကင်တမန်တို့သည် သင်တို့ပတ်လည်၌ရှိနေကြသည်။ ပြင်ဆင်ရသော လုပ်ငန်းမှသင်တို့၏စိတ်အာရုံကိုလွှယ်လင့်တကူလွှဲပြောင်းပစ်ကြသည်။" ကောင်းကင်တမန်ကပြောကြားသည်မှာ၊ "မှန်သောဥပုသ်နေ့ကို စောင့်ထိန်းသောသူများသည်ဇာတိအားဖြင့်အသေဖြစ်ရကြမည်။"

၆

သို့ဖြစ်ငြားသော်လည်း၊ ကျွန်ုပ်တို့၌ဆင်ခြင်ပေးရန်အကြောင်း မရှိ၊ အဘယ်ကြောင့်ဆိုသော် "စုံစမ်းရာကာလ ဆုံးခန်းရောက်ရှိခြင်း နှင့်ဒုက္ခရောက်သောအချိန်ကာအတွက် ပြင်ဆင်ရသောလုပ်ငန်းများ တို့ကိုပြတ်ပြတ်သားသားတင်ပြထားပြီးဖြစ်သည်။"

"ယခုဟောပြောသောသမ္မာတရားကိုယုံကြည်သည်ဆို ဗသာသူအားလုံးလောက်ပင် ယခုအချိန်တွင်ပြင်ဆင်မှုလုပ်ငန်းကိုနား လည်ရန်အသင့်မရှိကြ။"

သစ္စာစောင့်သောသက်သေခံဖြစ်တော်မူထသောယေရှုခရစ် (ဗျာ၊ ၁း၅)က လောဒိကိအသင်းတော်သို့ပို့ပေးလိုက်သော သတင်း စကားတော်ကိုနာခံလျှင် နောက်ဆုံးမိုးကိုလက်ခံယူရန်ကျွန်ုပ်တို့အား အသင့်ဖြစ်စေလိမ့်မည်။

လောဒိကိအသင်းတော်ဆိုင်ရာသတင်းစကား

ဗျာ၊ ၃း၁၄–၂၁။ "လောဒိကိမြို့၌ရှိသောအသင်းတော်တမန် ကိုဤသို့ရေး၍မှာလိုက်လော့။ ဘုရားသခင်၏ဝေနေယျသတ္တဝါတို့အ ထွတ်၊ သစ္စာရှိ၍ဟုတ်မှန်သောသက်သေခံ၊ အာမင်၏အမိန့်တော်ကား၊ သင်၏အကျင့်ကိုငါသိ၏။ သင်သည်အအေးမဟုတ်၊ အပူမဟုတ်သည်ကို ငါသိ၏။ အေးခြင်းဖြစ်စေ၊ ပူခြင်းဖြစ်စေ တစ်ခုခုကိုငါအလိုရှိ၏။ ထိုသို့အအေးမဟုတ်အပူမဟုတ်၊ နွေးရုံသာရှိသောကြောင့်ငါ၏ခံတွင်း သည်သင့်ကိုထွေးလုပ်ပြီ။သင်ကလည်း၊ ငါသည်ဥစ္စာရတတ်၏။ ဘဏ္ဍာ များကိုဆည်းပူးပြီ။ တစ်စုံတစ်ခုမျှမလိုဟုပြောဆို၍ ကိုယ်တိုင်ပင်ပန်း

ခြင်း၊ သနားဖွယ်ဖြစ်ခြင်း၊ ဆင်းရဲခြင်း၊ မျက်စိကန်းခြင်း၊ အဝတ်
အချည်းစည်းရှိခြင်းဖြစ်သည်ကိုမသိပါတကား။ သင်သည်ဥစ္စာရတတ်
ခြင်းငှါ၊ မီးနှင့်ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ အဝတ်အချည်းစည်း
ရှိ၍ သူတစ်ပါးရှေ့တွင်မရှက်စေခြင်းငှါ ခြုံစရာဖို့ဖြူသောအဝတ်ကို



လည်းကောင်း ငါ့ထံမှာဝယ်လော့။ သင်၏မျက်စိမြင်စေခြင်းငှါ မျက်စိ၌
မျက်စဉ်းခတ်လော့ဟု သင့်အားငါသည်အကြံပေး၏။ ငါချစ်သမျှသော
သူတို့၏အပြစ်ကို ငါစစ်ဆေး၍ သူတို့ကိုဆုံးမတတ်၏။ ထို့ကြောင့်
ကိုယ်စိတ်ကို ကိုယ်နှိုးဆော်လော့၊ နောင်တရလော့။ ငါသည် တံခါး
ရှေ့မှာရပ်၍ခေါက်လျက်နေ၏။ အကြင်သူသည် ငါ၏အသံကြား၍
တံခါးကိုဖွင့်အံ့။ ထိုသူရှိရာသို့ငါဝင်၍ သူနှင့်အတူစားသောက်မည်။
သူသည်လည်း ငါနှင့်အတူစားသောက်ရလိမ့်မည်။ ငါသည်အောင်မြင်၍
ငါ့ခမည်းတော်၏ပလ္လင်ပေါ်မှာထိုင်နေသကဲ့သို့ အောင်မြင်သောသူသည်
ငါ၏ပလ္လင်ပေါ်မှာ ငါနှင့်အတူထိုင်နေရသောအခွင့်ကိုငါပေးမည်။”

လောဒိကိအသင်းတော်သို့ ရေးသားပေးပို့သောသတင်းစကား
သည် ကမ္ဘာမြေကြီး၏သမိုင်းစဉ်ဇာတ်သိမ်းချိန်တွင် ရပ်တည်နေသည့်
ကျန်ကြွင်းသောအသင်းတော်၏ဝိညာဉ်ရေးအခြေအနေကို တိကျမှန်ကန်
စွာဖော်ပြသော သရုပ်ဖော်ကားချပ်ဖြစ်၍ စုံစမ်းရာကာလမကုန်ဆုံးမီ
ခရစ်တော်၏နောက်ဆုံးတောင်းပန်ချက်လည်းဖြစ်သည်။

လောဒိကိအသင်းတော်၏မပူမအေးအခြေအနေ (ဝါ) စိတ်
မပါ့တပါဖြစ်ခြင်းနှင့် ညှံ့ဖျင်းသောအခြေအနေ၌ရပ်တည်နေခြင်း၏
အကြောင်းရင်းမှာ၊ စိတ်နှလုံးကိုကိုယ်ကျိုးငဲ့ခြင်းက စိုးမိုးနေသောကြောင့်
ခရစ်တော်ကို စိတ်နှလုံးတံခါးပြင်ပ၌ထုတ်ထားခြင်းဖြစ်သည်။

လောဒိကိအသင်းဆိုင်ရာ သတင်းစကားသည် “ထိတ်လန့်
ဖွယ်သောအပြစ်ဆိုချက်ဖြစ်သော်လည်း ၎င်းသည် မေတ္တာရှင်ကြီးထံမှရောက်ရှိ
လာသည့် မေတ္တာပါသောတောင်းပန်ချက်ဖြစ်သည်။ သစ္စာစောင့်သော
သက်သေခံဖြစ်တော်မူထသောအရှင်၏အကြံပေးချက်ကိုနာခံ၍ ကိုယ်တော်
၏ကိုယ်စားလှယ်တော်ဖြစ်သည့် သန့်ရှင်းသောဝိညာဉ်တော်အား



ဖြင့်ခရစ်တော်သည်ဝင်နိုင်စေရန် ကျွန်ုပ်တို့၏စိတ်နှလုံးတံခါးကိုဖွင့်
ပေးလျှင်အတားအဆီးရှိသမျှကိုအောင်မြင်ကျော်လွှားနိုင်၍ခရစ်တော်
နှင့်အတူတကွကိုယ်တော်၏ပလ္လင်တော်ပေါ်မှာထိုင်ရသောအခွင့်ထူး
အခွင့်မြတ်ကိုရရှိစေမည့် ဘုရားသခင်၏တန်ခိုးတော်ကိုကျွန်ုပ်တို့ရရှိ
ကြလိမ့်မည်။

“ခရစ်တော်သည်ဝိညာဉ်တော်အားဖြင့်ကျွန်ုပ်တို့၌တည်
ရှိတော်မူသည်။ယုံကြည်ခြင်းအားဖြင့်ဘုရားသခင်၏ဝိညာဉ်တော်ကို

စိတ်နှလုံးထဲ၌ခံယူသောအချိန်သည် ထာဝရအသက်ကိုစတင်ရရှိသော
အချိန်ဖြစ်သည်။"

ကျွန်ုပ်တို့၏ထာဝရကံကြမ္မာကအမှီတံကဲပြုနေသည့်ဤရေး
ကြီးခွင့်ကျယ်ဖြစ်သောအကြောင်းအရာနှင့်စပ်ဆိုင်၍ ဘုရားသခင်
စေတမန်ကရေးသားဖေါ်ပြထားသောအောက်ပါအချက်များကိုဆုတောင်း
ခြင်းဖြင့်လေ့လာကြပါစို့။

"မပူမအေးဖြစ်နေသောသူများ(ဝါ)စိတ်
မပါ့တပါဖြစ်နေသောသူတို့အကြောင်းနှင့်စပ်ဆိုင်၍သစ္စာစောင့်တော်
မူထသောကိုယ်တော်၏အကြံပေးချက်ကထိုသူတို့၏အခြေအနေက
ပြုပြင်ရန်အခွင်အရေးရှိသေးသည်ဖြစ်၍လောဒိကိအသင်းတော်ဆိုင်၏
ရာသတင်းစကားသည် အားပေးတိုက်တွန်းချက်များဖြင့်ရွှန်းရွှန်းဝေ
လျက်ရှိသည်။"

"နောက်ဆုံးအသင်းတော်အတါက်ပေးထားသော
ဥတိပေးစကားကိုခရစ်ယာန်ဟုခေါ်တွင်သောသူအားလုံးတို့ကို
လည်းကြေညာရမည်။ ထက်မြက်၍နှစ်ဖက်အသွားရှိသောဓါး
ကဲ့သို့ လောဒိကိအသင်းတော်ဆိုင်ရာသတင်းစကားကို အသင်းသား



အားလုံးတို့ကိုပို့ပေးရမည်။ အသင်းတော်အားလုံးတို့ကိုသတိပေး
နိုင်ဖို့ရန်ကျွန်ုပ်တို့သည်အတတ်နိုင်ဆုံးကြိုးပမ်းကြပြီလား။"

"သစ္စာစောင့်တော်မူထသောကိုယ်တော်က လော
ဒိကိအသင်းတော်ကို ပေးတော်မူသောသတင်းစကားနှင့်စပ်ဆိုင်၍
ဤသူတို့သည် အဘယ်မည်သောအစီအစဉ်ကိုပြုလုပ်ကြမည်နည်း။ ဤ
သတင်းစကားနှင့်ပတ်သက်၍လှည့်စားမှုမရှိနိုင်။ ဘုရားသခင်၏အမှု
ထမ်းများက မပူမအေးရပ်တည်နေသောအသင်းတော်အား ၄င်းသတင်း
စကားကိုကြားပြောကြရမည်။ ကိုယ်တော်၏လူတို့သည်ဘုရားသခင်၏
ရှေ့တော်ဝယ်သူတို့ရပ်တည်မှု၏အခြေမှန်အနေမှန်နှင့်စပ်ဆိုင်၍ လုံခြုံ
မှုရှိသည်ဟူသောယူဆချက်မှလည်းကောင်း အန္တရာယ်များလှသော
လှည့်စားခံနေရခြင်းမှလည်းကောင်း ထိုသတင်းစကားကနိုးထစေရ
မည်။ ဤသက်သေခံချက်ကိုလက်ခံလျှင် သူတို့သည်ထကြွ နိုးကြား
လှုပ်ရှားလာ၍ ကိုယ်အပြစ်ကိုမြင်ပြီးလျှင် နှိမ့်ချသောစိတ်နှင့်အပြစ်
များကိုဝန်ချတောင်းပန်ကြလိမ့်မည်။"

"လူတို့၏ကြီးမားသောအန္တရာယ်သည်ကိုယ့်ကိုယ်
တိုင်၏လှည့်ဖြားခြင်းကိုခံရခြင်းဖြစ်သည်။"

"လောဒိကိအသင်းဝင်များအတွက် တစ်ခုတည်းသော
မျှော်လင့်ချက်မှာ၊ ဘုရားသခင့်ရှေ့တော်ဝယ်သူတို့ရပ်တည်နေသော
အခြေအနေအမှန်ကိုပြတ်သားစွာတွေ့မြင်ခြင်းနှင့်သူတို့ရပ်တည်နေသော
ရောဂါ၏သဘာဝကိုသိကျွမ်းခြင်းဖြစ်သည်။ သူတို့သည်အအေးလည်း

မဟုတ်၊ အပူလည်းမဟုတ်၊ သူတို့သည်ကြားနေသမားများဖြစ်၍တစ်ချိန်တည်းမှာပင်သူတို့သည်တစ်စုံတစ်ခုမျှမလိုဟူ၍သူတို့ကိုယ်ကိုသူတို့မြှောက်ပင့်ပြောဆိုကြသည်။"

"ဘုရားသခင်၏ကျန်ကြွင်းသောလူတို့ကိုနိုးကြားထကြွ

၁၀

လာစေရန်ကျွန်ုပ်သည်ဘာပြောရမည်နည်း။ ကျွန်ုပ်တို့ရှေ့၌ကြောက်မက်ဖွယ်ဖြစ်သောမြင်ကွင်းများရှိသည်ကို ကျွန်ုပ်အားပြသပါသည်။ စာတန်နှင့်သူ့ကောင်းကင်တမန်များသည် မိမိတို့၌ရှိသမျှအင်အားကိုအသုံးပြုလျက်တိုက်ခိုက်နေကြသည်။ အကယ်၍ကိုယ်တော်၏လူတို့သည်ဆက်လက်၍ ငိုက်မျဉ်းအိပ်ပျော်နေကြလျှင် သူတို့၏ပျက်စီးခြင်းသည်မုချအမှန်ဖြစ်ပျက်ကျရောက်တော့မည်ဖြစ်သောကြောင့် သူတို့ကိုသူအပိုင်ရရှိထားပြီးဖြစ်လိမ့်မည်ကိုစာတန်ကသိရှိသည်။"

ကမ္ဘာ့သမိုင်း၏ ဤနောက်ကျနေပြီဖြစ်သောချိန်ခါ၀ယ် ကျန်ကြွင်းသောသူတို့သည် တတိယကောင်းကင်တမန်၏သတင်းစကားကိုအင်တိုက်အားတိုက်ဟောပြောရန် ဘာကြောင့်အဆင်သင့်မရှိကြသနည်း။အောက်ပါကောက်နုတ်ချက်များက ရန်သူ၏ပရိယာယ်ကိုဖော်ထုတ်ကြသည်။

### စာတန်၏လိမ်လည်မှုများ

"ထိုနေ့ရက်၌သူတို့သည်ရပ်တည်နေနိုင်မည့်ပြင်ဆင်မှုကိုမရရှိကြစေရန် စာတန်သည်ဖြစ်နိုင်လျှင် တားဆီးထားမည်ဖြစ်သည်။ သူတို့၏လမ်းခရီးကိုကာဆီးထားရန်လည်းကောင်း၊ လောကဆိုင်ရာဘဏ္ဍာပစ္စည်းဥစ္စာများဖြင့်သူတို့အားရှုပ်ထွေးငြိတွယ်နေစေရန်လည်းကောင်း၊ ယခုဘ၀အသက်တာ၏စိုးရိမ်ကြောင့်ကြမှုများဖြင့်သူတို့၏စိတ်နှလုံးများသည်ပြည့်တင်းနေစေ၍ စုံစမ်းခြင်းနေ့ရက်သည်သူတို့ထံသို့သူခိုးလာသကဲ့သို့ရောက်စေရန်သူတို့အားလေးလံပင်ပန်းသော၀န်ထုပ်ကြီးကိုထမ်းစေရန် လည်းကောင်း စာတန်သည်ခပ်သိမ်းသောအမှုကိစ္စများကိုစီစဉ်ထားရှိမည်ဖြစ်သည်။"

"လူတို့၏စိတ်နှလုံးကိုထာ၀ရကာလဆိုင်ရာအမှန်တရားများမှထာ၀စဉ်စိတ်အာရုံတိမ်းယိမ်းနေစေရန် စာတန်၏အာဏာစက်

၁၁

များကဆောင်ရွက်လျက်ရှိကြသည်။ မိမိ၏ရည်စူးချက်များ ထမြောက်စေဖို့ရန်သူသည်ခပ်သိမ်းသောအမှုကိစ္စများကိုစီစဉ်ထားပြီးဖြစ်သည်။ လောကဆိုင်ရာရောင်း၀ယ်ဖေါက်ကားမှု၊ ႁားကစားမှု၊ ဗခတ်ဆန်ဆန်၀တ်စားဆင်ယင်မှုများဖြင့်လူတိုင်းအားမိမိတို့၏အချိန်ကိုကုန်လွန်စေသည်။"

“ကျွန်ုပ်တို့၏အာရုံစူးစိုက်မှုကို ဆွဲဆောင်သည့်ထောင်ပေါင်းများစွာသောအကြောင်းအရာများကိုကျော်ခိုင်းကြရမည်။ အချိန်လည်းကုန်၊ စောဒကတက်မှုကိုလှုံ့ဆော်ပေး၍အဆုံးတွင်အကျိုးမဖြစ်ထွန်းသောကိစ္စတို့များစွာရှိသည်။ အသုံးမကျမရေရာသောအမှုကိစ္စများအတွက်မကြာခဏအသုံးပြုလုပ်တတ်သည့်စေ့စပ်သောအာရုံပြုမှုနှင့်လုံ့လထုတ်မှုများကိုအမြင့်မားဆုံးအကျိုးဖြစ်ထွန်းသောအရာများအတွက်အသုံးပြုလုပ်ရကြမည်။”

“ဝိညာဉ်ရေးဆိုင်ရာအသက်ကိုကြီးထွားဖွံ့ဖြိုးစေ၍ဖွံ့ဖြိုးမှုကိုအားပေးလှုံ့ဆော်ပေးမည့်အစာကို လူတို့အားတိုက်ကျွေးရသည့်တာဝန်သည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်ကိုသိရှိရန်လိုအပ်သည်။”

“လူသည်သဘာဝအားဖြင့်စာတန်၏အကြံပေးချက်များကိုလိုက်နာတတ်၍ အင်အားကြီးမားသောအောင်မြင်သည့်အရှင်ဖြစ်တော်မူသောခရစ်တော်သည်သူ့၌ကိန်းဝပ်ခြင်း၊ သူ့လိုအင်ဆန္ဒများကိုလမ်းညွှန်ပေးခြင်း၊ သူ့အားခွန်အားပေးခြင်းများမရှိလျှင်စာတန်ကဲ့သို့သောကြောက်မက်ဖွယ်ကောင်းသည့်ရန်သူကိုသူသည်အောင်မြင်စွာတွန်းလှန်နိုင်မည်မဟုတ်ပေ။ စာတန်သည်ဘုရားသခင်၏လူတို့ကိုနောက်ဆုံးအကြိမ်တိုက်ခိုက်ရာတွင် သူ့ဇာတိကိုသူ့တို့မသိရှိစေရန်သူ၏လှည့်ဖြားမှုများကိုပြင်ဆင်လျက်ရှိသည်။” (၂ကော၊ ၁၁း၁၄)။

“ဤနိုးနိုးကြားကြားရှိသောရန်သူသည်မိနစ်တိုင်းတွင်သူတို့အားနောက်ယောင်ခံလိုက်လျက်ရှိသည်။”

၁၂

“ဆိုးယုတ်သောကောင်းကင်တမန်များသည်မိနစ်တိုင်းကျွန်ုပ်တို့အားနောက်ယောင်ခံလိုက်လျက်ရှိကြသည်။”

“သမ္မာသတိရှိသောလူတိုင်းအားကျွန်ုပ်တိုက်တွန်းပြောဆိုပါသည်။ အဘယ်ကြောင့်ဆိုသော်လင်းရောင်ခြည်ရှိသောကောင်းကင်တမန်တစ်ပါးအနေဖြင့်စာတန်သည် ခရစ်ယာန်အမှုတော်ဆောင်များစုဝေးရာနေရာတိုင်း၌လည်းကောင်း၊ ဘုရားရှိခိုးကျောင်းတိုင်း၌လည်းကောင်း လျှောက်သွားလျက် အသင်းသူအသင်းသားများကိုသူ့ဘက်တော်သားများဖြစ်စေရန်ကြိုးပမ်းလျက်ရှိသည်။”

“ကိုယ်တော်၏သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းနိုင်စေရန် ခလုတ်တံသင်းတိုင်းကိုဘုရားသခင်၏လူတို့ကဖယ်ရှားပေးခြင်းအားဖြင့် လမ်းကိုရှင်းလင်းပေးခြင်းထက်စာတန်ကြောက်ရွံ့သောအရာကားမရှိပေ။”

“လူ့စိတ်နှလုံး၏အတ္တစိတ်နှင့်တရားမစောင့်စည်းခြင်းတို့ကိုအမြဲတမ်းတွန်းလှန်တိုက်ဖျက်နေရမည်။ တစ်နာရီသို့မဟုတ်တစ်ခဏမျှဘုရားသခင်ကိုမေ့လျော့သောသူတို့သည် အန္တရာယ်များသောလမ်းတွင်ရပ်တည်နေကြသည်။”

"ခရစ်ယာန်တစ်ဦးသည်သတိလစ်နေသောအခါတိုင်း ဤအင်အားကောင်းသောရန်သူက သူ့အားရုတ်တရက်ပြင်းထန်သော တိုက်စစ်ကိုဆင်နွှဲလေသည်။"

ကောင်းကင်မှကောင်းကင်တမန်သုံးစုတစ်စုသည်လှည့်ဖြား ခြင်းခံရကြသည်။ ဧဝနှင့်သူမ၏သားဦးကာဣနတို့သည်လှည့်ဖြားခြင်း ခံရကြသည်။ ရေလွှမ်းမိုးသောအချိန်တွင်လူရှစ်ယောက်မှလွဲ၍ကျန်ရှိ သောသူအားလုံးတို့သည်လှည့်ဖြားခြင်းခံရကြသည်။ ခရစ်တော်၏ လက်ထက်တွင်များစွာသောဘာသာရေးခေါင်းဆောင်များသည် ဘုရား



သခင်၏သားတော်ကမိမိ၏အကြီးမားဆုံးနိမိတ်လက္ခဏာတချို့အား ပြသတော်မူသည်ကိုတွေ့မြင်ကြရသော်လည်း လှည့်ဖြားခြင်းခံရကြ သည်။

နောက်ဆုံးကာလတွင် စာတန်၏တန်ခိုးအာနိသင်များအလွန် အမင်းတိုးတက်လာချိန်၌ (ဝိညာဉ်ဆုကျေးဇူးများ၊ အတွဲ ၂၊ စာမျက် နှာ ၂၇၇)၊ ၎င်းသည်ရွေးချယ်သောသူတို့ကိုပင်လှည့်ဖြားနိုင်လျှင်လှည့် ဖြားလိမ့်မည်။ (မ၊ ၂၄း၂၄)။ "စာတန်စုံစမ်းခြင်းများ၏အင်အား သည်ကောင်းလာသောကြောင့်ကျွန်ုပ်တို့ရပ်တည်နေရသောခေတ်သည် ဘုရားသခင်၏သားသမီးများအတွက်အန္တရာယ်များလှသည်။" ဆရာ များအတွက်အကြံပေးချက်များ၊ စာမျက်နှာ ၃၂၂)။

"ကျွန်ုပ်တို့၏အခြေအနေသည်မည်မျှမြင့်မားနေ လင့်ကစား ကျွန်ုပ်တို့သည်အစဉ်အမြဲဆုတောင်း၍ စောင့်နေရန်လို အပ်သည်။ ကျွန်ုပ်တို့သည်နေ့စဉ်နေ့တိုင်းဘုရားသခင့်ဝိညာဉ်တော်၏ ကြီးကြပ်ကွပ်ကဲမှုကိုခံရမည်၊ သို့မဟုတ်လသဆင်စာတန်၏ကြီးကြပ်ကွပ် ကဲမှုကိုခံရကြမည်။"

မိမိကိုယ်ကိုဘုရားသခင်အားလုံးလုံးလျားလျားဆက်ကပ် ထားခြင်းမရှိသောသူတို့သည် စာတန်၏အလုပ်အကိုင်ကိုလုပ်ကိုင်ရန် သွေးဆောင်ခြင်းကိုခံရမည်ဖြစ်သော်လည်း သူတို့သည်ခရစ်တော်၏ အမှုတော်ကိုထမ်းဆောင်နေကြသည်ဟုသူတို့ကိုယ်ကိုမြှောက်ပင့်ပြော ဆိုကြသည်။

"ဘုရားသခင့်ဝိညာဉ်တော်၏ကြီးကြပ်ကွပ်ကဲမှုနှင့် ကင်းလွတ်နေသောစိတ်နှလုံးတိုင်းကိုစာတန်သည်ကြီးကြပ်ကွပ်ကဲ ထားသည်။"

"ငရဲဘုံသို့လွဲရှောင်၍ကောင်းကင်ဘုံကိုအရယူရမည်



ကိုစိတ်ရောကိုယ်ပါယုံကြည်သောသူတို့သည်မရှိသလောက်နည်းလှ သည်။"

၁သက်၊ ၅း၁၇။ မခြားမလပ်ဆုတောင်းပတ္ထနာပြုကြလော့။

"မပြတ်မလပ်ဘဲစိတ်ရောကိုယ်ပါယုံကြည်ခြင်းဖြင့်တောင်းသော ပတ္ထနာသည်စာတန်၏အပြင်းထန်ဆုံးသောတိုက်ခိုက်မှုများကိုကြံ့ကြံ့ခံနိုင်စေရန်ကျွန်ုပ်တို့အားအလင်းတရားနှင့်ခွန်အားကိုဆောင်ကြဉ်းပေးလိမ့်မည်။"

"ယခုအခါ၌ကျွန်ုပ်တို့တွင်ပြင်းပြသောစိတ်အားထက်သန်မှုမျိုးရှိအပ်လှသည်။"

ဘုရားသခင်လူတို့အားလုံ့လပြုရန်နှိုးဆော်ပေးခြင်း

လောဒိကိမြို့သူမြို့သားတို့အားပေးတော်မူသောသတင်းစကားမှဘုရားသခင်ကိုယ်တော်၏အောက်ပါဝေဖန်ချက်များကိုဆင်ခြင်သုံးသပ်ကြပါစို့။

"မီးနှင့်ချွတ်ပြီးသောရွှေကိုလည်းကောင်း၊ ဖြူသောဝတ်ရုံကိုလည်းကောင်း၊ မျက်စဉ်းကိုလည်းကောင်းရယူရန်သစ္စာစောင့်သောသက်သေခံကြီးတည်းဟူသောကိုယ်တော်၏အကြံပေးချက်ကိုနာခံပါမည်လော။ ရွှေသည်ယုံကြည်ခြင်းနှင့်မေတ္တာ၊ဖြူသောဝတ်ရုံသည်ခရစ်တော်၏ဖြောင့်မတ်ခြင်း၊ မျက်စဉ်းသည်စာတန်၏ပရိယာယ်များကိုတွေ့မြင်ရှောင်ရှားစေရန်လည်းကောင်း၊ အပြစ်ကိုတွေ့မြင်ရွံရှာစေရန်လည်းကောင်း၊ သမ္မာတရားကိုတွေ့မြင်နာခံရန်လည်းကောင်း ပြုပြင်ပေးမည့်ဝိညာဉ်ရေးဆိုင်ရာခွဲခြားသိမြင်နိုင်သောသတ္တိအသီးသီးဖြစ်ကြသည်။"

သို့ရာတွင်အများသောသူတို့ကကောင်းကင်ဆိုင်ရာဘိသိက်ပေးခြင်းအားသူတို့ရရှိရမည်ကိုမသိရှိကြ။ --မိုက်သောသတို့သမီးများ



ဆိုသောအမည်နာမသည် ဘုရားသခင့်ဝိညာဉ်တော်ကပြုပြင်ပေးသည့်စစ်မှန်သောစိတ်နှလုံးပြောင်းလဲမှုကိုမရရှိသောသူတို့၏စာရိတ္တအားပုံဆောင်သည်။ ခရစ်တော်ကြွလာတော်မူခြင်းက မိုက်သောသတို့သမီးများကိုလိမ္မာသောသတို့သမီးများအဖြစ်သို့ပြောင်းလဲပေးသည်မဟုတ်ပေ။

"မိုက်သောသတို့သမီးများက ကိုယ်စားပြုသောအသင်းတော်၏အခြေအနေကိုလောဒိကိအခြေအနေဟူ၍လည်းခေါ်ဆိုသည်။"

"လောဒိကိအသင်းတော်ဆိုင်ရာသတင်းစကားသည်ယခုဟောပြောသော သမ္မာတရားကိုယုံကြည်သည်ဆိုသောဘုရားသခင်၏လူတို့နှင့်သက်ဆိုင်သည်။ အများသောသူတို့သည် အပူလည်းမဟုတ်၊ အအေးလည်းမဟုတ်၊ နွေးရုံသာရှိသောဝန်ခံသူတို့ဖြစ်၍ အမည်အားဖြင့်မှန်သော်လည်း စိတ်အားထက်သန်မှုမှာ ဗလာနတ္ထိမရှိဖြစ်သည်။ သူတို့၏ဇာတိသဘောကိုအသေဖြစ်စေရန်မလိုလားကြ။"

"လောဒိကိမြို့သားများဆိုင်ရာသက်သေခံချက်သည်

ယခုခေတ်၌ရှိသောဘုရားသခင်၏လူတို့နှင့်သက်ဆိုင်ကြောင်းကိုကျွန်ုပ်
အားပြတော်မူပါသည်။ ၎င်းသတင်းစကား၏ရည်စူးချက်မှာ၊ ဘုရား
သခင်၏လူတို့အားယေရှုကိုယ်တော်သည်သူတို့နှင့်အတူကိန်းဝပ်တော်
မူခြင်းကျေးဇူးကိုခံစားစေ၍ တတိယကောင်းကင်တမန်၏ကျယ်လောင်
သောကြွေးကြော်သံဆိုင်ရာအမှုတော်ကို ထိုက်တန်စွာပါဝင်ထမ်း
ဆောင်နိုင်စေခြင်းငှါ သူတို့အားနိုးနိုးကြားကြားရှိစေခြင်း၊ သူတို့၏
အယူဖေါက်ပြန်နေခြင်းကိုသူတို့အားတွေ့မြင်စေခြင်းနှင့်သူတို့အား
စိတ်ထက်သန်စွာနောင်တရားရရှိစေခြင်းဖြစ်သည်။"

အထက်ပါကိုးကားချက်များအားဘုရားသခင်၏လူတို့သည်
လောဒိကိအသင်းတော်ဆိုင်ရာသတင်းစကားကိုနာခံခြင်းအားဖြင့်နောက်

၁၆

ဆုံးမိုးရွာသွန်းချိန်တွင်သူတို့သည်တတိယကောင်းကင်တမန်၏သတင်း
စကားကိုအင်တိုက်အားတိုက်ကြွေးကြော်ရန် အဆင်သင့်ဖြစ်နေကြမည်
ဖြစ်ကြောင်း ပြတ်သားစွာဖေါ်ပြကြသည်။ သို့ရာတွင်မိမိတို့၏ဝိညာဉ်
ဆိုင်ရာဆင်းရဲနွမ်းပါးမှုကိုမသိရှိဘဲ မှန်ကန်သောသက်သေခံဖြစ်တော်
မူသည့်ရစ်တော်၏အကြံပေးချက်ကိုလိုက်နာလိုသောဆန္ဒမရှိလျှင်
သူတို့သည်ဆန်ခါဖြင့်ခါပြစ်ခြင်းကိုခံရကြမည်။

"ကျွန်ုပ်တွေ့မြင်ရသောဆန်ခါဖြင့်ခါပစ်ခြင်း၏
အဓိပ္ပါယ်ကိုမေးမြန်းရာတွင် ရရှိသောဖြေကြားချက်အရ မှန်သည့်
သက်သေခံတည်းဟူသောယေရှုက လောဒိကိမြို့၌ရှိသည့်အသင်းတော်
သူအသင်းတော်သားများအားပေးတော်မူသောအကြံပေးစကားက
တောင်းဆိုထားသည့် ဖြောင့်မှန်သောသက်သေခံချက်က ၎င်းခါပစ်
သည့်လုပ်ငန်းကိုပြုလုပ်လိမ့်မည်ဖြစ်သည်။ ၎င်းခါပစ်ခြင်းကြောင့်စိတ်
နှလုံးထိခိုက်သောသက်ဆိုင်ရာကာယကံရှင်အားအောင်လံတော်ကို
လွှင့်ထူစေ၍ ဖြောင့်မှန်သောသစ္စာစကားကိုတည့်တည့်ဆိုစေလိမ့်မည်။
အချို့သောသူတို့က၎င်းတည့်တည့်သက်သေခံချက်ကိုမပြုလုပ်ကြဘဲ
၎င်းကိုဆန့်ကျင်ဘက်ပြုသောကြောင့် ဘုရားသခင်၏လူတို့တွင်ဆန်
ဃါဖြင့်ခါပစ်ခြင်းရှိလိမ့်မည်။"

သစ္စာစောင့်သောသက်သေခံကြီး၏သက်သေခံချက်ကို လုံးလုံး
လျားလျားနာခံမှုမရှိခဲ့သည်ကို ကျွန်ုပ်တွေ့မြင်ရသည်။ အသင်းတော်
၏ကံကြမ္မာရပ်တည်နေသော အရေးပါအရာရောက်လှသည့်သက်သေ
ခံချက်ကိုလုံးဝသတိမမူဘဲနေကြပြီတကား။ ဤသက်သေခံချက်က
နက်ရှိုင်းသောနောင်တကိုရရှိစေသင့်သည်။ ၎င်းကိုမှန်ကန်စွာလက်ခံ
ရရှိသောသူတို့သည် ၎င်းကိုနာခံ၍ သန့်ရှင်းခြင်းသို့ရောက်ရှိကြမည်။

၁၇

သတင်းစကားကိုဂရုပြုသောသူတို့

ကျန်ကြွင်းသောအသင်းတော်သူအသင်းတော်သားတို့အား ကြားပြောသော၍နောက်ဆုံးသတင်းစကားကို ကျွန်ုပ်တို့သည်နာခံသတိပြုလျှင် ကျွန်ုပ်တို့သည်တုန်လှုပ်ခြင်း(ဝါ) ဆန်ခါဖြင့်ခါပစ်ခြင်းကို ရင်ဆိုင်ကြရမည်မဟုတ်ပေ။ အမျိုးသားဆိုင်ရာ တနင်္ဂနွေနေ့ အလုပ်မလုပ်ရဟူသောဥပဒေပညတ်ကို အတင်းအကျပ်ပြုလုပ်လာကြသောအခါ ကျွန်ုပ်တို့သည် ကြီးမားသောစုံစမ်းခြင်းကိုရင်ဆိုင်နိုင်ကြမည်။ နောက်မိုးကိုရရှိကြမည်။ကျယ်လောင်သောကြွေးကြော်သံပြုချိန်တွင် သတင်းစကားကိုအင်တိုက်အားတိုက်ဖြန့်ချိဝေငှသောအခါ၌ ကျွန်ုပ်တို့ကတစ်တပ်တစ်အားအနေဖြင့်ပါဝင်ဆင်နွှဲကြမည်။ သစ္စာရှိသည့်ကျန်ကြွင်းသောအသင်းတော်သူအသင်းတော်သားတို့သည် သစ္စာရှိသည့်သက်သေခံကြီးဖြစ်တော်မူသော ခရစ်တော်၏အကြံပေးချက်ကိုလိုက်နာကျင့်သုံးကြမည်ဖြစ်ပါသည်။ သူတို့သည်မိမိတို့ကိုယ်ကိုလက်ဝါးကပ်တိုင်တွင်ရိုက်ထား၍ သန့်ရှင်းသောဝိညာဉ်တော်ပြုပြင်ပြောင်းလဲမှုကိုခံရကြပြီးလျှင်နောက်မိုးနှင့်ဘဝပြောင်းလဲမှုအတွက် အံဝင်ခွင်ကျသောအခြေအနေ၌ရပ်တည်နေကြမည်ဖြစ်သည်။

"ကိုယ်တော်၏ဦးဆောင်မှုနှင့်ပို့ဆောင်မှုကိုရရှိရန် မိမိတို့ကိုယ်ကို ဘုရားသခင်၏အုပ်ထိန်းမှုအောက်တွင်ထားရှိသောသူတို့သည်မှန်မှန်ပေါ်ထွက်လာမည့်ကိုယ်တော်စီမံခန့်ခွဲထားတော်မူသောအဖြစ်အပျက်များကိုသတိမူကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာသူကမ္ဘာသားတို့အသက်ရှင်မှုအတွက် မိမိ၏အသက်ကိုစွန့်တော်မူသောခရစ်တော်၏ဝိညာဉ်တော်နှိုးဆော်မှုကြောင့် သူတို့သည်သူတို့မစွမ်းဆောင်နိုင်သောအရာများညွှန်ပြလျက် အင်အားမဲ့သောအခြေအနေတွင်ငြိမ်သက်စွာရပ်တည်နေကြမည်မဟုတ်ပေ။ ကောင်းကင်၏လက်နက်စုံကို



ဝတ်ဆင်လျက်၊ သူတို့လိုအပ်သမျှကိုမဟာတန်ခိုးတော်သခင်ကဖြည့်ဆည်းပေးနိုင်သည်ဟူသောအသိစိတ်ရှိလျက်၊ ကိုယ်တော်အတွက်လုပ်ကိုင်စွန့်စားလိုသောဆန္ဒဖြင့်တိုက်ပွဲသို့ဝင်ကြမည်ဖြစ်သည်။"

"ကျွန်ုပ်တို့သည်ကိုယ်တော်အားတန်ဆာပလာများကိုပေးအပ်လျှင် ကိုယ်တော်သည်အလုပ်ကိုလုပ်တော်မူမည်။"

"ကမ္ဘာကြီးရင်ဆိုင်ရမည့်ပြစ်ဒဏ်စီရင်ခြင်းနှင့်ပတ်ဉက်၍ငှင်းအားသတိပေးရမည့်ကြီးလေးသောတာဝန်သည့်ကျွန်ုပ်တို့အပေါ်၌ရပ်တည်နေသည်။ အရပ်လေးမျက်နှာမှလည်းကောင်း၊ ရပ်နီးရပ်ဝေးမှလည်းကောင်းအကူအညီခေါ်သံများသည်လာလျက်ရှိသည်။ ကိုယ်တော်၏အသင်းတော်သည်နိုးနိုးကြားကြားရှိ၍မိမိကိုယ်ကိုတန်ခိုးတော်ဖြင့်ဝတ်ဆားဆင်ယင်ထားရန်ဘုရားသခင်ကတောင်းဆိုတော်မူသည်။ မည်သို့နွှမ်းမပျက်စီးသောသရဖူများကိုရရှိရန်ကြိုးပမ်းရမည်။ ဘုရားသခင်၏နိုင်ငံတော်ကိုအမွေခံရန်လည်းကြိုးပမ်းရမည်။

အသိပညာမဲ့သောဘဝတွင်ပျက်စီးနေသောကမ္ဘာမြေကြီးအားအလင်းတရားကိုဟောပြောရမည်ဖြစ်သည်။”

“တတိယကောင်းကင်တမန်သတင်းစကားသည့်ကျယ်လောင်သောကြွေးကြော်သံအသွင်သို့ကူးပြောင်းလာသောအခါ ၄င်းအားကြွေးကြော်ခြင်းတွင်ဘုန်းတန်ခိုးအာနိသင်ဖြင့်ပြည့်ဝလာမည်။ ဘုရားသခင့်လူတို့၏မျက်နှာများသည်ကောင်းကင်မှလင်းရောင်ခြည်ဖြင့်ထွန်းလင်းနေကြမည်ဖြစ်သည်။”

အဘယ်မျှနှစ်မြို့ဖွယ်သောအခွင့်အရေးဖြစ်ဘိသနည်း။သင်တို့ရှိသမျှအားလုံးသည်လောဒိကိအသင်းတော်အားပေးတော်မူသောမေတ္တာသတင်းစကားကိုနာခံ၍ဇာတိအားဖြင့်လိုအင်ဆန္ဒရှိသမျှကိုနေ့စဉ်မြှုပ်နှံလျက်နောက်မိုးကိုရရှိရန်အတွက်လျင်မြန်စွာအသင့်ဖြင်ဆင်ပြီး



ဖြစ်လျှင် ကျယ်လောင်သောကြွေးကြော်သံဟစ်ကြော်နေချိန်တွင်သတင်းစကားကိုအင်တိုက်အားတိုက်ဟောပြောနိုင်မှုအတွက် သင့်ဘဝအသက်တာကိုသန့်ရှင်းသောဝိညာဉ်တော်အား လုံးဝချုပ်ထိန်းထားစေရန် ကျွန်ုပ်နှင့်အတူသန္နိဋ္ဌာန်ချမည်ဟုကျွန်ုပ်ယုံကြည်ပါသည်။

### အရင်မိုးယခုအခါလိုအပ်နေခြင်း

“အကောင်းနှင့်အဆိုးတို့၏ယှဉ်ပြိုင်ပွဲကြီးမှနောက်ဆုံးမြင်ကွင်းများကိုစကြဝဠာတစ်တိုင်းလုံးကစကားအားဖြင့်ဖေါ်ပြ၍မရနိုင်သောစိတ်ဝင်စားမှုမျိုးဖြင့်စောင့်ကြည့်နေကြသည်။ ဘုရားသခင်၏လူတို့သည်ထာဝရနိုင်ငံ၏နယ်နိမိတ်အနီးသို့ရောက်ရှိနေကြပြီဖြစ်သည်။”

ဤသတင်းစကားသည်အနာဂတ္တိစကားကိုအတည်ဖြစ်စေသည့်အနေဖြင့်အချိန်မီအစပြုခဲ့၍ ၄င်းသည်ပြည့်စုံခြင်းသို့ရောက်ရှိရမည်။ ကျွန်ုပ်တို့သည်အလိုရှိလျှင်ကျွန်ုပ်တို့နှင့်လည်းကောင်း၊ ကျွန်ုပ်တို့အလိုမရှိလျှင်အခြားသူတို့နှင့်လည်းကောင်းလက်တွဲ၍အမှုတော်ကိုပြီးစီးစေမည်ဖြစ်သည်။ (ရော၊ ၉း၂၈)။

ကျွန်ုပ်တို့စိတ်ကြိုက်ရွေးချယ်ထားသော အလုပ်အကိုင်အတွက်မဟုတ်ဘဲ ဘုရားသခင်ကကျွန်ုပ်တို့အားလုပ်ကိုင်စေလိုတော်မူသောအမှုတော်အတွက် သန့်ရှင်းသောဝိညာဉ်တော်ကိုပေးတော်မူသည်။
“ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်ကိုအသုံးမပြုနိုင်ပေ။ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုအသုံးပြုတော်မူမည်။ ဘုရားသခင်၏လူတို့အားအလိုရှိစေခြင်းငှါလည်းကောင်း၊ အကျင့်ကျင့်စေခြင်းငှါလည်းကောင်း သူတို့ကိုဝိညာဉ်တော်အားဖြင့်ကိုယ်တော်ကပြုပြင်ပေးတော်မူသည်။”

သန့်ရှင်းသောဝိညာဉ်တော်၏
ပြုပြင်ပြောင်းလဲပေးနိုင်သောတန်ခိုး

ကျွန်ုပ်တို့၏ဘဝအသက်တာကို သန့်ရှင်းသောဝိညာဉ်တော်က သူ့စိတ်ကြိုက်ပြုပြင်ပြောင်းလဲစေရန် ကျွန်ုပ်တို့မှာခွင့်ပြုလိုသောဆန္ဒမရှိလျှင် ကျွန်ုပ်တို့သည်ဝိညာဉ်တော်၏တန်ခိုးအားဖြင့်မဟုတ်ဘဲ လူဇာတိအင်အားဖြင့်ပြုလုပ်နေကြသောကြောင့် မည်သည့်အကျိုးများဖြစ်ထွန်းလိမ့်မည်နည်း။ ဘုရားသခင်၏ဖြေကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

"ဘုရားသခင်၏ဝိညာဉ်တော်နှင့်တန်ခိုးတော်မပါရှိဘဲ သမ္မာတရားကိုဖြန့်ချိရန်ကြိုးပမ်းခြင်းသည်အချည်းနှီးသက်သက်ဖြစ်လိမ့်မည်။"

ကောင်းကင်သို့တက်ကြွသွါးတော်မမူမီယေရှုမိန့်တော်မူသောနောက်ဆုံးစကားတော်များကိုကျွန်ုပ်တို့သည်အမြဲတစေကြားယောင်နေသင့်သည်။ "သင်တို့အပေါ်သို့သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည်တန်ခိုးကိုခံရ၍ ယေရုရှလင်မြို့မှစသောယုဒပြည်၊ ရှမာရိပြည်၊ မြေကြီးစွန်းတိုင်အောင်ငါ၏သက်သေဖြစ်ကြလိမ့်မည်။" တ၊ ၁း၈။

"ဧဝံဂေလိအရှင်သခင်ခရစ်တော်အတွက်ရွေးချယ်စရာအကြောင်းအရာများအလွန်များပြားကြသော်လည်း ကိုယ်တော်ကအများအားဖြင့်အဓိကထား၍ မိန့်တော်မူချက်များသည် သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းခြင်းနှင့်စပ်ဆိုင်သည်။ ၄င်းဝိညာဉ်တော်သွန်းလောင်းမှုကြောင့် ကိုယ်တော်သည်အသင်းတော်အတွက်မည်မျှကြီးမားသောဆုကျေးဇူးများကိုကြိုတင်ဟောပြောခဲ့တော်မူပါသနည်း။ သို့ဖြစ်လင့်ကစား ယခုအခါတွင်မည်သည့်အကြောင်းအရာကိုအနည်းဆုံးဟောပြောနေကြသနည်း။"

၂၁

"လူသည်ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တူညီသောအခြေအနေသို့ပြန်လည်ရောက်ရှိ၍ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်နိုင်ဖို့သူကိုယ်တိုင်ပြင်ဘက်လောကတွင်ရပ်တည်သည်သာမကသူ့အင်အားထက်လွန်ကဲသောအင်အားကိုလိုအပ်ပေသည်။ ထိုသို့ဆိုသော်၊ လူသတ္တဝါတို့၏ကိုယ်စားလှယ်အနေဖြင့်ဆောင်ရွက်မှုကိုမလိုအပ်ဟုမဆိုလိုပေ။ သူသတ္တဝါတို့သည်ဘုရားသခင်ကိုယ်တော်၏တန်ခိုးတော်ကိုကိုင်စွဲထားကြသည်။ယုံကြည်ခြင်းအားဖြင့်ခရစ်တော်သည်စိတ်နှလုံးထဲ၌တည်ရှိတော်မူသည်။ ဘုရားသခင်သည်ကိုယ်တော်နှင့်လက်တွဲခြင်းအားဖြင့်လူတို့၏စွမ်းရည်သည်အမြဲတစေအကျိုးဖြစ်ထွန်းနိုင်သောအခြေအနေတွင်တည်ရှိနေသည်။"

"ဂါလိလဲပြည်မှတပည့်တော်ငါးသည်များကိုခေါ်တော်မူသောကိုယ်

တော်သည်ကိုယ်တော်၏အမှုတော်ကိုဆောင်ရွက်စေရန်လူတို့ကိုခေါ် လျက်ရှိသေးသည်။ ရှေးဦးတပည့်တော်များမှ တစ်ဆင့်ကိုယ်တော်၏ တန်ခိုးတော်ကိုထင်ရှားစွာပြသတော်မူသကဲ့သို့ယခုလည်းပြသတော် မူရန်အလိုဆန္ဒရှိတော်မူသည်။"

"ကျွန်ုပ်တို့၏စိတ်နှလုံးများကိုသန့်ရှင်းသောဝိညာဉ် တော်ကပြုပြင်ပေးခြင်းအားဖြင့်သာကျွန်ုပ်တို့သည်ကောင်းကင်သို့ဝင် စားထိုက်သောသူများဖြစ်လာနိုင်သည်။ အဘယ်ကြောင့်ဆိုသော်၊ ကျွန်ုပ်တို့သည်ခမည်းတော်ဘုရားသခင်အထံတော်သို့ချဉ်းကပ်လိုလျှင် ကျွန်ုပ်တို့အတွက်ထောက်ခံစာအနေဖြင့်ခရစ်တော်၏ဖြောင့်မတ်ခြင်း ကိုလက်ခံရရှိထားရမည်။ ကျွန်ုပ်တို့သည်ခရစ်တော်၏ဖြောင့်မတ်ခြင်း ကိုရရှိနိုင်ရန်သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့်နေ့စဉ် ရက်ဆက်ပြုပြင်ပြောင်းလဲပေးမှုကိုရရှိရမည်။ ၄င်းအပြင်ဘုရားသခင့် ဇာတိတော်နှင့်ဆက်ဆံမှုရှိရမည်။ လူ၏ရသာရုံကိုမြင့်မြတ်စေခြင်း၊



စိတ်နှလုံးကိုသန့်ရှင်းစေခြင်းနှင့်လူ့ကိုယ်ခန္ဓာတစ်ခုလုံးကို ဂုဏ်အသရေ တိုးတက်စေခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်၏အလုပ်ဖြစ်သည်။"

အတူအပကိုသွတ်သွင်းလာခြင်းအားဖြင့် စာတန်သည်သန့်ရှင်း သောဝိညာဉ်တော်သွန်းလောင်းခြင်းဟန့်တားထားရန်ကြိုးပမ်းလိမ့် မည်၂ဃ ၄၆၄ ကိုဖတ်ပါ။

အတုအပ၏အထောက်အထားများကိုကျွန်ုပ်တို့တွေ့မြင်ခဲ့ရ သည်မှာ နှစ်ပေါင်းများစွာကြာရှိခဲ့ပေပြီ။ အချိန်သည်နောက်ကျလွန်း နေပြီဖြစ်သောကြောင့် မျိုးရိုးစစ်မှန်သောအရာ၏အထောက်အထား တို့ကိုများပြားစါ်ထင်ပေါ်စေသင့်သည်မဟုတ်ပါလော။ ယခုအခေါတွင် လောကကြီး၏အလိုအပ်ဆုံးအရာသည် နောက်ဆုံးသတိပေးသတင်း စကားကိုဖြန့်ကြဲဝေငှနေပါသည် ဆိုသောသူတို့၏အသက်တာများတွင် သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပြောင်းလဲပေးနိုင်သောအာနိသင် ၏သက်သေထင်ရှားပြသမှုကိုတွေ့မြင်စေရန်ဖြစ်သည်။

Þလိုအပ်ချက်ကိုများစါသောသူတို့က တွေ့မြင်သိရှိခဲ့ကြသည် မှာ နှစ်ပေါင်းများစွာကြာခဲ့ပေပြီ။ ဘော့(ပ်)ဂျုန်း(စ်)ယူနီဗာစီတီကျောင်း တော်ကြီးမှဓမ္မသင်တန်းသားများအား ဓမ္မရေးရာနှင့်ပတ်သက်၍ ၁၉၅၂ ခုနှစ်တွင် ဝီလျံဝ(ဒ်)အေးယား၏သင်ကြားပို့ချချက်များမှအောက်ပါ ကောက်နုတ်ချက်များကိုတင်ပြအပ်ပါသည်။

("တရားပလ္လင်အတွက်စိတ်တက်ကြွမှု" ခေါင်းစဉ်ရှိသော စာအုပ်မှကောက်နုတ်ဖေါ်ပြသည်။)

"ကျွန်ုပ်တို့သည်ပုရောဖက်တစ်ပါးအလိုရှိသည်။ ဧလိယကဲ့သို့ ပုဂ္ဂိုလ်မျိုးလိုအပ်သည်။ ထို့ကြောင့် ဧလိယ၏ဘုရားသခင်ကိုယ်တော် သည်အဘယ်မှာရှိသနည်း"---ဟုကနဦးမှကျွန်ုပ်တို့မေးခွန်းထုတ်

ခဲ့သည်။

၂၃
"အရေးကြီး၍စိတ်သက်သာမှုမရှိသော၏အချိန်မျိုး၌ သမိုင်းတွင်အရေးကြီးသောအချိန်၌ အသင်းတော်သည်လှုပ်ရှားမှုမရှိ၊ ဇေသေသဓရေအိုင်တွင်ရှိသည့် လက်ခြေသေသောသူကဲ့သို့ စောင့်ဆိုင်းနေသည်။"

ထို့ကြောင့်အသင်းတော်များ၏လိုအပ်ချက်သည် ဧလိယ၏စိတ်သဘောထားမျိုးနှင့်တန်ခိုးမျိုးဖြစ်သည်။ သူတို့အားကိုယ်တော်ကထိုစိတ်သဘောမျိုးနှင့်တန်ခိုးမျိုးကိုသွတ်သွင်းပေးတော်မူသည်တိုင်အောင်သူတို့၏ကိုယ်ကို ဧလိယ၏ဘုရားသခင်အားဆက်ကပ်ကြရမည်။

"ကျွန်ုပ်တို့အနီးတစ်ဝိုက်၌နေထိုင်လျက်ရှိကြသောသူတို့ကိုဘုရားသခင်၏သမ္မာတရားထံသို့အမှန်တကယ်ပို့ဆောင်ရာတါင်အသင်းတော်သူအသင်းတော်သားအများတို့သည် တာဝန်ပျက်ကွက်ကြသည်ဟုကျွန်ုပ်အဆိုပြုလျှင် ကျွန်ုပ်သည်ပုံကြီးချဲ့၍ပြောဆိုလိုက်ခြင်းမဟုတ်ပေ။"

"လူတို့သည်သူတို့၏လွန်ကဲသောဒိုက်မျဉ်းအိပ်ပျော်နေခြင်းမှနိုးထ၍ပျောက်ဆုံးသောသူတို့ကိုကယ်တင်ရန် စတင်လုပ်ကိုင်ကြသည်တိုင်အောင်သင်တို့သည်ငါ၏သက်သေများဖြစ်ကြ၏ဟုဆိုသောအမိန့်တော်ကိုတရားဟောဆရာများက ကျယ်လောင်သောအသံဖြင့်ကြွေးကြော်ကြရမည်။"

"ယခုအခါတွင်အသင်းတော်သည်တက်တက်ကြွကြွရှိနေသင့်ပါလျက်နှင့် အေးစက်စက်နိုင်လှသည်" ဟု ပုဂ္ဂိုလ်ကြီးတစ်ဦးကဝေဖန်လိုက်သည်။

ကွယ်လွန်သူကမ္ဘာ့ဌာနချုပ်မှဥက္ကဋ္ဌတစ်ဦးက ၁၉၄၂ ခုနှစ်၊ နိုင်ဝင်ဘာလ(၁)ရက်နေ့စွဲဖြင့် ပုဂ္ဂလိကစာတစ်စောင်တါင်ရေးသားဖေါ်ထားသည်မှာ–

၂၄
"ညီအစ်ကိုဝက်(ဂ်)နာခင်ဗျား၊ အမှုတော်ကိုယခုအခါတွင်အပြီးဆောင်ရွက်ခြင်းကိုဟန့်တားထားသည့်တစ်ခုတည်းသောအရာမှာ–နေရာအနှံ့အပြားတွင်နေထိုင်လျက်ရှိကြသော အသင်းတော်သူအသင်းတော်သားများက မိမိတို့ကိုယ်ကို ပိုမိုနက်ရှိုင်းစွာကိုယ်တော်အားဆက်ကပ်ခြင်းနှင့်သူတို့၏စိတ်နှလုံးများ၌ကျေးဇူးတော်၏ပိုမိုနက်ရှိုင်းသောပြုပြင်ပေးမှုလိုအပ်နေခြင်းများဖြစ်သည်။ ကျွန်ုပ်တို့၏အမှုဗတ်ဆောင်များနှင့်အသင်းတော်သူအသင်းတော်သားတို့သည် သူတို့ရပ်တည်နေသင့်သောအခြေအနေတွင်ရပ်တည်နေကြလျှင်နောက်မိုးအကြွင်းမဲ့သွန်းလောင်းချပေးသောအချိန်သည်ရောက်ရှိလာ၍ သတင်းစကား

တော်သည်လည်းတောမီးကဲ့သို့လျက်မြန်စွာတိုးတက်ပြီးစီးသွားလိမ့်မည်။"

ကျွန်ုပ်တို့သည်နောက်မိုး၏ "အားဖြည့်ပေး" ခြင်းကျေးဇူးကို ခံစားရမှုအတွက် လျင်မြန်စွာပြင်ဆင်မှုရှိ၍ သတင်းစကားတော်ကို "ကျယ်လောင်သောအသံဖြင့်ကြွေးကြော်"ချိန်တွင်တန်ခိုးအာနိသင်ဖြင့် ကြွေးကြော်ရာ၌ ကျွန်ုပ်တို့ဆိုင်ရာတာဝန်ကိုထမ်းဆောင်နိုင်ဖို့အဆင်သင့်ဖြစ်နေရန် နောက်ကျနေပြီဖြစ်သောယခုအချိန်တွင် နောက်မိုး၏တန်ခိုးအာနိသင်လိုလေသေးရှိနေခြင်းက ကျွန်ုပ်တို့အားစိတ်နှလုံးကိုနှိမ့်ချစေ၍ လောဒိကိမြို့သူမြို့သားတို့အားခရစ်တော်က ပေးတော်မူသောအကြံဉာဏ်ကို ကျွန်ုပ်တို့သည်သစ္စာရှိစွာဖြင့်လိုက်လျှောက်ကျင့်သုံးစေသင့်ပေသည်။

သက်သေခံချက်စာစောင်များမှ အထက်ပါကောက်နုတ်ချက်များက နောက်မိုးရွာသွန်းခြင်းသည်ဘာကြောင့်အချိန်ကြာညောင်းစွာနှောင့်နှေးကြောင်း၊ ဤသတင်းစကားတော်ကိုတန်ခိုးအာနိသင်ဖြင့်ကြွေးကြော်ရန်ပြင်ဆင်ရာတွင်ကျွန်ုပ်တို့သည် ဘာပြုလုပ်ရမည်ဖြစ်ကြောင်းများကို ထုတ်ဖော်ပြောဆိုထားသည်။

၂၅

"ဘုရားသခင်၏လူတို့သည်အပြောင်းအလဲတစ်ခုခုကိုစောင့်ဆိုင်းနေသည်ကိုကျွန်ုပ်အားပြသပါသည်။ သူတို့စောင့်ဆိုင်းနေသောအပြောင်းအလဲသည်သူတို့ကိုတွန်းအားပေးမည့်တန်ခိုးအာနိသင်ဖြစ်သည်။သူတို့သည်အလိုမပြည့်ဖြစ်ရကြမည်။ အဘယ်ကြောင့်ဆိုသော်သူတို့သည်မှားယွင်းသောလမ်းစဉ်ကိုကျင့်သုံးနေကြသည်။ သူတို့တွင်လုပ်ဆောင်ချက်ရှိရမည်။ သူတို့ကိုယ်တိုင်ကိုယ်ကြပ်အမှုတော်ကိုကိုင်စွဲထားပြီးသူတို့ကိုယ်တိုင်၏အခြေအနေနှင့်ပတ်သက်၍မှန်ကန်သောအသိဉာဏ်ကိုရရှိရန်စိတ်ပါစွာဖြင့်ဘုရားသခင်အထံတော်တွင်ငိုကြွေးလျက်တောင်းဆိုကြရမည်။ ကျွန်ုပ်တို့ရှေ့၌ဖြတ်ကျော်သွားလျက်ရှိသောမြင်ကွင်းများသည်နားထောင်မည့်သူအားလုံးတို့ကိုနိုးနိုးကြားကြားရှိစေ၍သူတို့၏စိတ်နှလုံးများကိုသမ္မာတရားအားထိုးဖေါက်ဝင်ရောက်စေနိုင်လောက်အောင်ကြီးကျယ်ခမ်းနားလှသည်။"

"ဘုရားသခင်၏လူတို့သည်သူတို့ကိုယ်တိုင်ကြိုးစားအားထုတ်မှုမရှိဘဲအားအင်ဖြည့်ဆည်းပေးမှုကသူတို့ထံသို့ရောက်ရှိလာ၍သူတို့၏မှားယွင်းချွတ်ချော်မှုများကိုဖယ်ရှားပေးခြင်းနှင့်၄င်းအမှားများကိုအမှန်ဖြစ်အောင်ပြုပြင်ပေးခြင်းတို့ကိုစောင့်ဆိုင်းနေလျှင်လည်းကောင်း၊ သူတို့၏ကိုယ်ခန္ဓာနှင့်ဝိဉာဉ်ကိုညစ်ညမ်းမှုမှကင်းစင်စေရန်နှင့်တတိယကောင်းကင်တမန်၏ကျယ်လောင်သောကြွေးကြော်သံတွင်ဝင်ရောက်ဆောင်ရွက်ဖို့ထိုက်ထိုက်တန်တန်ဖြစ်စေရန်လည်းကောင်း အဆိုပါဖယ်ရှားပြုပြင်မှုအပေါ်အားကိုအားထားပြုနေလဆင်သူတို့သည်ချိန်ခွင်နှင့်ချိန်၍လျော့နေကြမည်ဖြစ်သည်။"

“အများသောသူတို့သည်အရင်မိုးကိုလက်ခံရရှိ
ရန်ပျက်ကွက်ခဲ့ကြသည်။ ၄င်းနည်းအားဖြင့်ဘုရားသခင်ကသူတို့အား
ပေးကမ်းတော်မူသောအကျိုးကျေးဇူးများကိုအကုန်အစင်မရရှိခဲ့ကြ။

၂၆
လိုအပ်နေသမျှကိုနောက်မိုးအားဖြင့်ဖြည့်စွက်ပေးလိမ့်မည်ဟုမျှော်လင့်
ကြသည်။ အကြွယ်ဝဆုံးသောကျေးဇူးတော်ကိုသွန်းလောင်းတော်မူ
သောအခါ ထိုကျေးဇူးတော်ကိုခံစားနိုင်ရန်အတွက်သူတို့၏စိတ်နှလုံး
တံခါးများကိုဖွင့်ထားရန်ကြံရွယ်ထားကြသည်။ သူတို့သည်မဟာ
အမှားတော်ကြီးကိုပြုကြလေပြီ။ ကျွန်ုပ်တို့သည်တိုးတက်မှုမရှိလျှင်
၄င်းအပြင်အရင်မိုးနှင့်နောက်မိုးနှစ်မျိုးစလုံးကိုလက်ခံရရှိနိုင်သောအခြေ
အနေ၌ကျွန်ုပ်တို့ကိုယ်ကိုမထားလျှင် ကျွန်ုပ်တို့၏ဝိညာဉ်ဆုံးရှုံး၍ထို
ဆုံးရှုံးမှုအတွက်ကျွန်ုပ်တို့၏တာဝန်သာလျှင်ဖြစ်သည်။”

### လိုအပ်သောအရင်မိုး

ကျွန်ုပ်တို့သည်အချက်တိုင်းတွင်အောင်မြင်မှုရရှိသည်တိုင်
အောင်အရင်မိုးမှ သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့အားသန့်
စင်အောင်ပြုလုပ်ပေးသည်။ ပြုပြင်ပြောင်းလဲပေးသည်။ နောက်မိုးကို
လက်ခံရရှိရန်ကျွန်ုပ်တို့သည်ပြင်ဆင်ခြင်းမရှိမီအဆိုပါပြင်ဆင်မှုမျိုးကို
ကျွန်ုပ်တို့ပြုလုပ်ကြရပါမည်။

“သင်၌ငါတည်းဟူသောစိတ်ကိုမြေမြှုပ်သင်္ဂြိုဟ်ရန်
ယနေ့တွင်သင်သည်သင့်ကိုယ်ကို ဘုရားသခင်အားဆက်ကပ်ရပါမည်။
နောက်မိုး၏မိုးရေများကိုခံယူထားဖို့အသင့်ရှိစေရန်သင်၏အိုးခွက်ကို
စင်ကြယ်အောင်ဆေးကြောထားရပါမည်။ အဘယ်ကြောင့်ဆိုသော်၊
နောက်မိုးသည်ရွာသွန်းတော့မည်ဖြစ်သောကြောင့်ညစ်ညမ်းမှုအမျိုးမျိုး
မှသန့်စင်နေ၍အင်အားဖြည့်တင်းပေးမှုအတွက်ထိုက်တန်သောအခြေ
အနေ၌ရပ်တည်နေသည်သာမက သန့်ရှင်းသောဝိညာဉ်တော်ဖြင့်
နှစ်ခြင်းမင်္ဂလာကိုခံထိုက်သောသူတိုင်းတို့အပေါ်သို့ ဘုရားသခင်၏
ကောင်းချီးမင်္ဂလာသည်အပြည့်အဝဆင်းသက်တော်မူမည်။”

၂၇
“ကျွန်ုပ်တို့စာရိတ္တများ၏ချွတ်ယွင်းချက်များကိုပြုပြင်
ခြင်းနှင့်စိတ်ဝိညာဉ်ဗိမာန်မှညစ်ညမ်းမှုတိုင်းကိုသုတ်သင်ဖယ်ရှားပစ်
ခြင်းသည် ကျွန်ုပ်တို့၏တာဝန်ဖြစ်သည်။ သို့ပြီးမှပင်တေကုတ္တေ
ပွဲနေ့ကတပည့်တော်များအပေါ်သို့အရင်မိုးရွာသွန်းသကဲ့သို့ ကျွန်ုပ်
တို့အပေါ်၌နောက်မိုးရွာသွန်းလိမ့်မည်။”

“မည်ကဲ့သို့သောအဖိုးအခကိုပေးရသည်မဆို
စုံစမ်းခြင်းတိုင်းကို မားမားမတ်မတ်ရင်ဆိုင်၍အောင်မြင်သောသူတို့

သည်  သစ္စာစောင့်သောသက်သေခံကြီးဖြစ်သည့်ယေရှု၏အကြံပေး ချက်ကိုနာခံပြီးဖြစ်၍ နောက်မိုးကိုရရှိမည်ဖြစ်သောကြောင့် ဘဝပြောင်း လဲမှုအတွက်ထိုက်တန်သောအခြေအနေတွင်ရပ်တည်နေကြမည်ဖြစ် သည်။"

"အများသောသူတို့သည်အလွန်လိုအပ်သောပြင်ဆင် မှုကိုလျစ်လျူရှု၍ ဘုရားသခင်၏နေ့ရက်၌ထိုက်တန်စွာရပ်တည်၍ ကိုယ်တော်၏မျက်မှောက်တော်၌ အသက်ရှင်နေနိုင်ရန်အင်အားဖြည့် တင်းပေးသောအချိန်နှင့်နောက်မိုးကိုစောင့်ဆိုင်းနေသည်ကိုကျွန်ုပ်သည် ရူပါရုံတွင်တွေ့မြင်ရသည်။ ဒုက္ခရောက်သောအချိန်၌ခိုလှုံရာအရပ် မရှိသောသူအမြောက်အမြားရှိနေသည်ကို ကျွန်ုပ်သည်ရူပါရုံ၌တွေ့ မြင်ရပါသည်တကား၊ သူတို့သည် လိုအပ်လှသောပြင်ဆင်မှုကိုလျစ် လျူရှုခဲ့ကြသည်။ ထိုကြောင့် သန့်ရှင်းသောဘုရားသခင်၏မျက်မှောက် တော်တွင်ထိုက်တန်စွာအသက်ရှင်နေနိုင်ရန် လူတိုင်းလက်ခံရရှိထား ရမည့်အင်အားဖြည့်တင်းမှုကိုမရရှိနိုင်ကြ။ သူတို့သည်အတားအဆီး တိုင်းကိုလည်းကောင်း၊မာန်မာနကိုလည်းကောင်း၊ အတ္တစိတ်ကိုလည်း ကောင်း၊ လောကကိုချစ်ခြင်းကိုလည်းကောင်း၊ မှားယွင်းသောအပြော အဆိုအလုပ်အကိုင်တိုင်းကိုလည်းကောင်း အောင်မြင်မှုရရှိလျှင်အင်အား



ဖြည့်တင်းခြင်းကိုမရရှိနိုင်သည်ကိုကျွန်ုပ်သည်ရူပါရုံတွင်တွေ့မြင်ရ သည်။"

"လောဒိကိမြို့၌ရှိသောသူများအားသက်သေခံချက်သသည် ယခုအခါ၌ အသက်ရှင်လျက်ရှိကြသော ဘုရားသခင်၏လူတို့နှင့်ဆိုင် သည်ကိုရူပါရုံတွင်ကျွန်ုပ်အားပြသပါသည်။ ၄င်းသက်သေခံချက်၏ ရည်စူးချက်မှာ– ဘုရားသခင်၏လူတို့ကိုထထကြွကြွရှိဖို့နှိုးဆော်ပေး ရန်လည်းကောင်း၊ သူတို့၏အယူဝါဒဖေါက်ပြန်မှုများကိုတွေ့မြင်စေရန် လည်းကောင်း ယေရှု၏ကိန်းဝပ်တော်မူခြင်းကိုသူတို့နှင့်အတူရှိ၍ တတိယကောင်းကင်တမန်၏ကြွေးကြော်မှုလုပ်ငန်းတွင် ပါဝင်ဆောင် ရွက်ရန် ထိုက်ထိုက်တန်တန်ဖြစ်သောအခြေအနေ၌ရပ်တည်နိုင်စေဖို့ စိတ်အားထက်သန်သောနောင်တရစေရန်လည်းကောင်းဖြစ်သည်။"

နေ့စဉ်ဇာတိရုပ်လည်းမသေ၊ သူတို့၏ဘဝအသက်တာများကို သန့်ရှင်းသောဝိညာဉ်တော်အား သန့်ရှင်းခြင်းနှင့်ဘဝပြုပြင်ပြောင်းလဲ ခြင်းလုပ်ငန်းများကို လုပ်ခွင့်လည်းမပြုသောသူတို့သည် နောက်မိုးတွင် သန့်ရှင်းသောဝိညာဉ်တော်၏သိကသေထင်ရှားပြသခြင်းများကိုမှတ် မိခြင်းသို့မဟုတ်နားလည်ခြင်းရှိမည်မဟုတ်။ သူတို့သည်ဆန်ခါဖြင့် ခါပစ်ခြင်းခံရ၍ သူတို့၏နေရာများ၌သမ္မာတရားကိုကိုင်စွဲ၍ ဘုရား သခင်၏ပညတ်တော်ကိုစောင့်ထိန်းသူတို့နှင့်ပူးပေါင်းသောသူတို့က အစား ထိုးဝင်ရောက်လာကြမည်ဖြစ်သည်။

“သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းသော အခါအရင်မိုးကိုလည်းမရ၊ မသိလည်းမသိသောသူတို့သည် နောက်မိုး၏တန်ဖိုးကိုတွေ့မြင်ခြင်းမရှိ၊ သို့မဟုတ်နားလည်ခြင်းမရှိဖြစ်ကြမည်မှာ ကေန်မုချပင်ဖြစ်သည်။”



“သို့ရာတါင်အရင်မိုးကပံ့ဆောင်ထားသောကျေးဇူးတော်ကိုလျစ်လျူရှုခြင်းမရှိစေရ၊ မိမိတို့ရရှိထားသောအလင်းတရားအတိုင်းလိုက်နာကျင့်သုံးသောသူတို့သာလျှင် ပိုမိုကြီးမားသောအလင်းတရားကိုရရှိမည်ဖြစ်သည်။ ထထကြွကြွနိုးနိုးကြားကြားရှိသောခရစ်ယာန်ပါရမီများကိုပုံသက်သေကောင်းဖြင့်ကျင့်သုံးရာတွင် ကျွန်ုပ်တို့သည်နေ့စဉ်တိုးတက်မှုမရှိလျှင် နောက်မိုးရွာသွန်းချိန်တွင် ဝိညာဉ်တော်၏သက်သေထင်ရှားပြသခြင်းများကိုမှတ်မိသိရှိကြမည်မဟုတ်ပေ။ ၎င်းနောက်မိုးသည် ကျွန်ုပ်တို့ပတ်လည်၌ရှိသောအခြားသူတို့အပေါ်၌ရွာသွန်းနေသော်လည်း ကျွန်ုပ်တို့သည် ၎င်းကိုသိရှိခြင်းမရှိ၊ သို့မဟုတ်လက်ခံရရှိခြင်းလည်းမရှိဖြစ်နိုင်သည်။”

“သန့်ရှင်းသောဝိညာဉ်တော်လက်ခံရရှိခြင်းမရှိသောသူတို့သည် ဇီအုန်မြို့ရိုးပေါ်၌သစ္စာရှိသောကင်းစောင့်မဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော်သူတို့သည်အပြီးလုပ်ဆောင်ရမည်အလုပ်ကိုမျက်စိအားဖြင့်မမြင်၊ တံပိုးခရာသည်လည်းမှန်သောအသံကိုမမြည်ဘဲရှိနေမည်။”

“ပင်တေကုတ္တေ ပွဲနေ့မှာကဲ့သို့ သန့်ရှင်းသောဝိညာဉ်တော်၏နှစ်ခြင်းမင်္ဂလာကိုခံရခြင်းသည်မှန်ကန်သောဘာသာအယူဝါဒကိုပြန်လည်ရှင်သန်လာစေ၍ များစွာသောအံ့သြဖွယ်သောလုပ်ငန်းများကိုဆောင်ရွက်နိုင်စေမည်ဖြစ်သည်။ ကောင်းကင်မှပညာရှင်များသည်ကျွန်ုပ်တို့အသိုက်အဝန်းထဲသို့ရောက်ရှိလာလျက်လူတို့သည်သန့်ရှင်းသောဝိညာဉ်တော်နှိုးဆော်ပေးသည်အတိုင်း ဟောပြောကြလိမ့်မည်။ ပင်တေကုတ္တေပွဲနေ့၌လည်းကောင်း၊ ထိုနေ့နောက်ပိုင်း၌လည်းကောင်း၊ ဘုရားသခင်သည်လူတို့၏စိတ်နှလုံးကိုပြုပြင်ပေးလျှင် ယခုအခါတွင် သမ္မာတရားကိုသိရှိကြသည်ဟုဆိုသောသူအများတို့သည် တစ်ဖက်စွန်းရောက်မှုကိုသတိပြု” ဟူ၍ လူတို့ကကြွေးကြော်ရလောက်အောင်



သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏လုပ်ကိုင်ဆောင်ရွက်ပေးမှုကိုအသိတရားနည်းပါးနေကြမည်။ ဝိညာဉ်တော်နှင့်ပြည့်ဝနေသောသူတို့ကိုသူတို့က ဤသူတို့သည်အသစ်သောသေရည်သေရက်ဖြင့်မူးယစ်နေကြသည်ဟုဝေဖန်ပြောဆိုကြလိမ့်မည်။

“---အမျိုးသားများနှင့်အမျိုးသမီးများကိုဘုရားသခင်၏ဝိညာဉ်တော်က စိုးမိုးပိုင်သထားသောအခါ ၎င်းအခြေအနေကိုအချို့

သောသူတို့က ဝေဖန်ပြောဆိုကြလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့ကိုယ်တိုင်၏စိတ်နှလုံးများသည် လှုပ်ရှားမှုမရှိဘဲ အေးစက်၍ စွဲလမ်းတတ်ခြင်းမရှိသောကြောင့်ဖြစ်သည်။"

"လူစုလူဝေးတို့၏အရေအတွက်သည်ယုတ်လျော့သွားခဲ့သည်။ အချို့သောသူတို့သည်လမ်းခရီးတွင်ဆန်ခါဖြင့်ခါပစ်ခြင်းခံရ၍ လမ်းခုလပ်တွင်ကျန်ရစ်ခဲ့ကြပြီ။ သတိမမူသောသူတို့နှင့်ဂရုမစိုက်သောသူတို့ဖြစ်သည်သာမကအောင်မြင်မှုနှင့်ကယ်တင်ခြင်းကိုစွဲဖြင့်တောင်းဆို၍ မရအရကြိုးပမ်းကြလောက်အောင် ၎င်းတို့ကိုမက်မောကြသောသူတို့နှင့်ပူးပေါင်းမှုမရှိသောသူတို့သည် ထိုကောင်းချီးမင်္ဂလာများရရှိခြင်းမရှိကြ။ ထိုကြောင့်သူတို့သည်မှောင်မိုက်တွင်ကျန်ရစ်နေကြ၍ သူတို့နေရာတွင်သမ္မာတရားကိုကိုင်စွဲ၍ ထိုသူတို့နှင့် ရင်ဘောင်တန်းမိသောသူတို့က အစားထိုးဝင်ရောက်လာကြလိမ့်မည်။"

နောက်မိုးအတွက်ပြင်ဆင်မှု

"ယခုအချိန်သည်ကျွန်ုပ်တို့၏အကျင့်စရိတ္တတည်းဟူသောဝတ်ရုံများကိုသိုးသငယ်၏အသွေးတော်၌ဖြူစင်အောင်လျှော်ဖွပ်ရမည့်အချိန်ဖြစ်သည်။ယခုအချိန်သည်မာန်မာနထောင်လွှားခြင်း၊ ဒေါသစိတ်နှင့်ဝိညာဉ်ရေးဆိုင်ရာပျင်းရှခြင်းတို့ကို ကျွန်ုပ်တို့အောင်မြင်ရမည့်အချိန်ဖြစ်သည်။ ယခုအချိန်သည်ကျွန်ုပ်တို့နိုးနိုးကြားကြားရှိ၍အကျင့်



စာရိတ္တစံချိန်မီမှုအတွက်ပြတ်ပြတ်သားသားကြိုးပမ်းရမည့်အချိန်ဖြစ်သည်။"ယနေ့တွင်သင်တို့သည်ဗျာဒိတ်တော်အသံကိုကြားလျက်ရှိသည်ဖြစ်၍ခိုင်မာသောစိတ်နှလုံးမရှိကြနှင့်။"ကျွန်ုပ်တို့၏ကယ်တင်ရှင်ကြွလာတော်မူခြင်းကိုကျွန်ုပ်တို့စောင့်မျှော်နေရခြင်းတွင် ကျွန်ုပ်တို့၏အခြေအနေသည်အကြီးမားဆုံးဒုက္ခနှင့်ရင်ဆိုင်နေရသောအခြေအနေမျိုးဖြစ်သည်။ လောကကြီးသည်မှောင်မိုက်ထဲ၌နစ်မွန်းလျက်ရှိသည်။ သို့ရာတွင်ပေါလုက "ညီအစ်ကိုတို့၊ ထိုနေ့ရက်သည်သူခိုးကဲ့သို့သင်တို့အပေါ်သို့ရောက်လာမည်အကြောင်း၊ သင်တို့သည်မှောင်မိုက်၌နေကြသည်မဟုတ်"ဟုဆိုထားသည်။"

"ညီအစ်ကိုတို့၊ ပြင်ဆင်ရသောလုပ်ငန်းကြီးတွင်သင်တို့သည်ဘာပြုလုပ်လျက်ရှိကြသနည်း။ လောကနှင့်ပူးပေါင်းနေသောသူတို့သည် လောကီဆိုင်ရာပုံသွင်းမှုကိုခံနေရကြ၍ သားရဲ၏တံဆိပ်ခံယူရရှိမှုအတွက်ပြင်ဆင်နေသည်။ မိမိတို့ကိုယ်ကိုယုံကြည်ကိုးစားမှုမရှိဘဲ မိမိတို့ကိုယ်ကိုဘုရားသခင်၏ရှေ့တော်တွင်နှိမ့်ချလျက်သမ္မာတရားကိုလိုက်နာစောင့်ရှောက်ခြင်းအားဖြင့် မိမိတို့စိတ်ဝိညာဉ်ကိုသန့်စင်အောင်ပြုလုပ်နေကြသောသူတို့သည် ကောင်းကင်ဆိုင်ရာပုံသွင်းမှုကိုခံယူရရှိကြ၍သူတို့၏နဖူးများ၌ဘုရားသခင်၏တံဆိပ်တော် လက်ခံရရှိရေးအတွက်ပြင်ဆင်ကြသောသူများဖြစ်ကြသည်။ ဘုရားသခင်၏အမိန့်

တော်ကိုကြွေးကြော်လိုက်၍ ကိုယ်တော်၏တံဆိပ်တော်ဖြင့်သူတို့
ကိုခတ်တော်မူသောအခါ သူတို့၏အကျင့်စာရိတ္တသည်ထာဝရကာလ
ပတ်လုံး သန့်ရှင်းဖြူစင်နေမည်ဖြစ်သည်။"

အချိန်သည်အလွန်နောက်ကျနေပြီဖြစ်သည်။ ကျွန်ုပ်တို့သည်
နှောင့်နှေးနေကြရမည်မဟုတ်ပေ။ ဣသရေလလူမျိုးတို့သည်ကတိထား
တော်မူသောပြည်တော်သို့ရက်သတ္တနှစ်ပတ်ဖြင့်ရောက်ရှိနိုင်သော်လည်း



တောထဲတွင်နှစ်ပေါင်း ၄၀ မျှတဝဲလည်လည်ဖြစ်ခဲ့ရကြသည်။

ဘုရားသခင်၏လူမျိုးတို့သည် နောက်မိုးကိုခံယူရရှိရေးအတွက်
ပြင်ဆင်မှုရှိလျှင် ဘုရားသခင်၏အမှုတော်သည်အလွန်ပင်တိုတောင်း
သောအချိန်အတွင်းပြီးစီးလိမ့်မည်ဖြစ်သည်။

"သန့်ရှင်းသောဝိညာဉ်တော်ပို့ဆောင်လမ်းပြမှုနှင့်
အုပ်ချုပ်ကွပ်ကဲမှုမရှိလျှင် ကျွန်ုပ်တို့တစ်ခဏမဆ်ပင်လုံခြုံမှုမရှိပေ။"

"ကျွန်ုပ်တို့သဘာဝ၊ အသိဉာဏ်သို့မဟုတ်စိတ်နှလုံး
စွဲလမ်းခြင်းတို့သည်မိနစ်တိုင်းဘုရားသခင့်ဝိညာဉ်တော်၏အုပ်ချုပ်
ကွပ်ကဲမှုကိုရရှိရန်လိုအပ်ပေသည်။"

"ကျွန်ုပ်တို့၏ကိုယ်တွင်းသို့ကိုယ်တော့်ဘဝအသက်
တာ၏ဇီဝအသက်တော်မှုတ်သွင်းမှုရရှိရန်လိုအပ်သည်။ မှုတ်သွင်း
မှုကိုလက်ခံရယူရန်အဆင်သင့်ရှိသောသူတို့အပေါ်သို့ကြွယ်ဝလှသော
ဝိညာဉ်ခွန်အားကိုသွန်းလောင်းချပေးတော်မူမည်။"

ကျွန်ုပ်တို့၏အကြီးမားဆုံးလိုအပ်ချက်သည် နောက်မိုးလက်ခံ
ရရှိမှုအတွက်ပြင်ဆင်မှုရှိရန်နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်
မင်္ဂလာရယူခြင်းဖြစ်သည်။"

"ပင်တေကုတ္တေပွဲနေ့တွင် တပည့်တော်တို့သည်သန့်
ရှင်းသောဝိညာဉ်တော်ဆင်းသက်တော်မူရန် စိတ်ထက်သန်စွာဖြင့်
ဆုတောင်းသကဲ့သို့ကျွန်ုပ်တို့လည်းဆုတောင်းသင့်ကြသည်။"

### ခရစ်တော်၏စိတ်သဘော

"ယေရှုခရစ်၌ရှိသောထိုစိတ်သဘောကိုသင်တို့၌လည်းရှိစေ
ကြလော့။" ဖိ၊ ၂း၅။

ဖိလစ်ဘာသာပြန်။ "သင်တို့သည်မည်ကဲ့သို့သောစိတ်သဘော



ထားမျိုးထားရှိသင်းကြောင်းအတွက် ခရစ်တော်ကိုယ်တိုင်သည်သင်
တို့၏စံနမူနာဖြစ်ပါစေ။"

"ကျွန်ုပ်တို့လိုက်နာရန်ပေးထားတော်မူသောပြည့်စုံ
၍အပြစ်ကင်းသောစံနမူနာသည် ခရစ်တော်ပင်ဖြစ်သည်။"

“ယခုအခါတွင်လောကကြီး၏လိုအပ်ချက်သည်ကား နှစ်ပေါင်းတစ်ထောင့်ကိုးရာအထက်က ၄င်းလိုအပ်နေခဲ့သောခရစ်တော်ကိုထုတ်ဖေါ်ခြင်းသာလျှင်ဖြစ်သည်။”

“ခရစ်ယာန်တစ်ဦးဖြစ်ခြင်းသည်ခရစ်တော်၏အမည်နာမကိုယူခြင်းသာမဟုတ်ဘဲ ခရစ်တော်၏စိတ်သဘောမျိုးကိုမွေးမြူခြင်းနှင့်ခပ်သိမ်းသောအရာတို့တွင် ဘုရားသခင်၏အလိုတော်ကိုဝန်ခံခြင်းဖြစ်သည်။”

နာမည်ကျော်ပညာရှင်ကြီးတစ်ဦးဖြစ်သောဒေါက်တာအယ်လ်ဆန်တရူးဗလပ်ဆိုသူက၊ “ခရစ်တော်၏စိတ်သဘောကိုလက်တွေ့ပြသသည့်မှန်ကန်သောအသင်းတော်ဖြစ်၍ ချစ်ဖွယ်သောလူစုလူဝေးမျိုးပေါ်ထွန်းလာသည်ကို ကျွန်ုပ်တို့ရှာဖွေစောင့်မျှော်လျက်ရှိသည်” ဟုမိန့်ကြားခဲ့ဖူးသည်။

အောက်ပါကောက်နုတ်ချက်များက ခရစ်တော်သည်ခမည်းတော်အပေါ်၌မည်မျှအမှီတံကဲပြုသည်ကိုဖေါ်ပြသည်။ ကိုယ်တော်သည်ကျွန်ုပ်တို့၏စံနမူနာဖြစ်သည်။

“ထိုကြောင့် ခရစ်တော်သည်လူ့ဇာတိ၌ဘုရားသခင်၏တန်ခိုးတော်ကိုအမှီတံကဲပြုရတော်မူသည်။ ကိုယ်တော်က၊ ‘ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်’ ဟုမိန့်တော်မူခဲ့ဖူးသည်။”

“လှိုင်းတံပိုးကိုရင်ဆိုင်ရန် ကျိန်းစက်နေတော်မူသောယေရှုကိုနှိုးကြသောအခါ ကိုယ်တော်၌ပြည့်စုံသောငြိမ်သက်ခြင်းရှိတော်



မူသည်။ စကားပြောတော်မူရာ၌လည်းကောင်း၊ ပုံသဏ္ဍာန်တော်၌လည်းကောင်း ကြောက်ရွံ့သောအရိပ်အယောင်မရှိ။ အဘယ်ကြောင့်ဆိုသော်ကိုယ်တော်၌ကြောက်ရွံ့သောစိတ်မရှိ။ သို့သော်လည်းကိုယ်တော်သည်မဟာတန်ခိုးပိုင်သတော်မူခြင်းကိုအားထားခြင်းပြုတော်မမူ။ ကိုယ်တော်သည်ကောင်းကင်၊ မြေကြီး၊ သမုဒ္ဒရာနှင့်စမ်းရေတွင်းတို့ကိုဖန်ဆင်းတော်မူသောအရှင်သခင်အနေဖြင့် ဆိတ်ငြိမ်စွာကျိန်းစက်နေတော်မူသည်မဟုတ်။ ၄င်းတန်ခိုးတော်ကိုဘေးဖယ်ထားတော်မူခဲ့၍ ‘ငါသည်ကိုယ်အလိုအလျောက်အဘယ်အမှုကိုမျှမပြုနိုင်’ဟု မိန့်တော်မူသည်။ (ယော၊ ၅း၃၀) ကိုယ်တော်သည်ခမည်းတော်၏ဘုန်းတန်ခိုးကိုယုံကြည်ကိုးစားတော်မူသည်။ဘုရားသခင်ကိုယ်တော်၏မေတ္တာတော်နှင့်စောင့်ထိန်းတော်မူခြင်းကို ယုံကြည်တော်မူလျက်အနားယူနေတော်မူသည်။ လှိုင်းတံပိုးကိုငြိမ်သက်စေသောအမိန့်တော်၏တန်ခိုးသည်ဘုရားသခင်၏တန်ခိုးတော်ဖြစ်၏။”

ယေရှုက၊ “ငါ၌တည်နေတော်မူသောခမည်းတော်သည်ပြုတော်မူ၏”ဟု မိန့်တော်မူသည်။(ယော၊ ၁၄း၁၀)။

ကျွန်ုပ်တို့အားယေရှုက၊ “ငါနှင့်ကွာလျှင်သင်တို့သည်အဘယ်

အမှုကိုမျှမတတ်နိုင်ကြ”ဟု မိန့်တော်မူသည်။ (ယော၊ ၁၅း၅)။

“ကျွန်ုပ်တို့ကျင့်သုံးကြသည့်ကောင်းမြတ်သောအကျင့်သီလများသည် ကျွန်ုပ်တို့ကိုယ်တိုင်၏ပြင်ပလောက၌ရှိသောတန်ခိုးတော်ပေါ်တွင်အမှီတံကဲပြုနေသည်။”

ကျွန်ုပ်တို့သည်လောကဒိကိအသင်းတော်အခြေအနေ၌ရပ်တည်နေကြသောအခါကျွန်ုပ်တို့၏လိုအပ်ချက်ကိုကျွန်ုပ်တို့မသိရှိကြ။ “ငါတို့သည်တစ်စုံတစ်ခုမျှမလို”ဟု ကျွန်ုပ်တို့ယူဆကြသည်။ သို့ရာတွင်လူတို့၏အန္တရာယ်ကြီးသည် မိမိကိုယ်ကိုလှည့်ဖြားခြင်းဖြစ်သည်။



“အကြင်သူသည်ဘာမျှမဟုတ်ဘဲလျက် ဤမျှလောက်ငါဖြစ်သည်ဟုစိတ်ထင်လဆင်ထိုသူသည်ကိုယ်ကိုလှည့်ဖြားသောသူဖြစ်၏။” (ဂလ၊ ၆း၃)။ “လူတို့သည်မိမိတို့ဘာမျှမဟုတ်ကြောင်းကိုတွေ့မြင်သောအခါ သူတို့သည်ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံကိုဝတ်ဆင်ရန်အဆင်သင့်ရှိနေကြပြီဖြစ်သည်။”

“ဘုရားသခင်၏သားတော်သည်ခမည်းတော်၏အလိုတော်အတိုင်းဆောက်ရွက်တော်မူ၍ ကိုယ်တော်၏စွမ်းအားတော်ကိုအမှီတံကဲပြုတော်မူသည်။ ခရစ်တော်သည်အဘယ်အကြံအစည်ကိုမျှမိမိကိုယ်ကျိုးအတွက်ထားရှိတော်မူခြင်းမရှိသည်တိုင်အောင်မိမိအလိုကိုလုံးဝငြင်းပယ်တော်မူသည်။ မိမိအတွက်ဘုရားသခင်ထားရှိတော်မူသောအကြံအစည်ကိုလက်ခံတော်မူ၍ နေ့စဉ်ရက်ဆက်ခမည်းတော်က ကိုယ်တော်၏အကြံအစည်များကိုသားတော်အားဖေါ်ပြတော်မူသည်။ ထိုနည်းတူစွာ ကျွန်ုပ်တို့၏အသက်တာတွင်ကိုယ်တော်၏အလိုတော်ကိုအကောင်အထည်ဖေါ်နိုင်ရန်ကျွန်ုပ်တို့သည်ဘုရားသခင်ကိုအားကိုးအားထားပြုသင့်ကြသည်။”

“ယေရှုသည်ဘုရားသခင်၏အလိုတော်ကိုလုံးလုံးလျားလျားလိုက်သောကြောင့် ကိုယ်တော်၏ဘဝတစ်လျှောက်လုံးတွင်ခမည်းတော်တစ်ပါးတည်း၏လက္ခဏာသာလျှင်ပေါ်လွင်နေသည်။”

“ဘုရားသခင်၏ဇာတိတော်နှင့်မိတ်သဟာယဖွဲ့မှုရှိလျှင် လူသည်မည်သည်ဆောင်ရွက်မှုကိုပြီးမြောက်စေနိုင်ကြောင်းခရစ်တော်၏ဘဝအသက်တာကပြသတော်မူသည်။ ခရစ်တော်သည်ဘုရားသခင်၏အထံတော်မှရရှိတော်မူသမျှကိုကျွန်ုပ်လည်းရရှိနိုင်သည်။”

“ဤလောက၌ခရစ်တော်နေထိုင်ခဲ့တော်မူသော ဘဝအသက်တာမျိုးကို အမျိုးသားအမျိုးသမီးတို့သည် ကိုယ်တော်၏တန်ခိုး



တော်နှင့်ကိုယ်တော်၏ညွှန်ကြားမှုများအားဖြင့်နေထိုင်နိုင်ကြသည်။ စာတန်နှင့်ဆိုင်ပြိုင်တိုက်ခိုက်ကြရာတေါင် ခရစ်တော်ရရှိတော်မူခဲ့သမျှ

သောအကူအညီမျိုးကိုလူတို့သည်ရရှိနိုင်ကြသည်။ သူတို့ကိုချစ်တော်မူ၍သူတို့အတွက်မိမိ၏အသက်တော်ကိုစွန့်တော်မူသော ကိုယ်တော်အားဖြင့်သူတို့သည်အထူးသဖြင့်အောင်မြင်သောသူဖြစ်ကြ၏။"

"ယေရှုသြဝါဒများ၏လိုရင်းအချက်သည်မိမိတို့ကိုယ်ကိုကိုယ်တော်အားပေးအပ်ခြင်းဖြစ်သည်။"

"ယေရှုသည်ဂုဏ်အရည်အသွေးများကိုထုတ်ဖော်ပြသခြင်းပြုတော်မမူ။ကိုယ်တော်ကိုယုံကြည်သောအားဖြင့်လူတို့မရရှိနိုင်သောတန်ခိုးအာနိသင်မျိုးကိုလည်းတွေ့ကြုံခံစားမှုမရှိ။"

"လူတို့သည်မိမိတို့စိတ်ကြိုက်လမ်းစဉ်ကိုရွေးချယ်ဗသာအခါတိုင်းသူတို့ကိုယ်ကိုဘုရားသခင်နှင့်ဖက်ပြိုင်ရသောအခြေအနေတွင် ထားရှိကြသည်။ ကောင်းကင်နိုင်ငံတော်တွင်သူတို့နေစရာအရပ်ရှိမည်မဟုတ်ပေ။"

ယေရှုက၊ "ငါသည်ကိုယ်အလိုသို့လိုက်ခြင်းငှါ ကောင်းကင်မှဆင်းသက်သည်မဟုတ်။ ငါ့ကိုစေလွှတ်တော်မူသောသူ၏အလိုတော်သို့လိုက်ခြင်းငှါဆင်းသက်၏။" (ယော၊ ၆း၃၈)ဟု မိန့်တော်မူသည်။ "ကိုယ်တော်နှစ်သက်တော်မူသောအမှုကိုအစဉ်မပြတ်ငါပြုမည်"(ယော၊ ၈း၂၉)ဟူ၍လည်းမိန့်တော်မူသည်။

တမန်တော်ပေါလုကလည်းခရစ်တော်၏ပုံသက်သေကိုလိုက်လျက် "ငါသည်ခရစ်တော်နှင့်အတူလက်ဝါးကပ်တိုင်မှာအသေခံပြီ။ သို့သော်လည်းအသက်ရှင်သေး၏။ ထိုသို့ဆိုသော်ငါသည်ကိုယ်တိုင်မရှင်၊ ခရစ်တော်သည်ငါ၌ရှင်တော်မူ၏။"(ဂလ၊ ၂း၂၀)ဟု ဆိုပြီးမှကျွန်ုပ်တို့အားအကြံဉာဏ်ပေးထားသည်မှာ၊ "သင်တို့သည်စားသော်



လည်းကောင်း၊ သောက်သော်လည်းကောင်း၊ မည်သည့်အမှုကိုပြုသော်လည်းကောင်းဘုရားသခင်၏ဘုန်းတော်ကိုထောက်၍ခပ်သိမ်းသောအမှုကိစ္စကိုပြုကြလော့။"(၁ကော၊ ၁၀း၃၁)။

ဘုရားသခင်သည်စိတ်နှလုံးမှတစ်ဆင့်ကိုယ်ခန္ဓာကိုအုပ်ချုပ်ကွပ်ကဲရန်ကြိုးပမ်းတော်မူသည်။ "ကိုယ်ခန္ဓာသည်စိတ်၏အစေကိုခံသင့်သည်။ စိတ်သည်ကိုယ်ခန္ဓာ၏အစေကိုမခံသင့်ပါ။" "လူအပေါင်းတို့သည်မိမိတို့၏အာရုံများကိုစောင့်ထိန်းထားသင့်သည်။ သို့မဟုတ်လျှင်စာတန်ကငှင်းအာရုံများကိုအနိုင်ယူလျက်အုပ်ထိန်းထားမည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်၊ ၄င်းအာရုံများသည်စိတ်ဝိညာဉ်သို့ရောက်ရှိလာသောလမ်းပေါက်များဖြစ်သည်။"
"အများသောသူတို့သည်ခံတွင်း၏အလိုသို့လိုက်မှုကြောင့်လည်းကောင်း၊ အပြစ် များနှင့်ပလူးကြသောကြောင့်လည်းကောင်း သူတို့၏အာရုံများသည်ထုံထိုင်းချို့တဲ့နေသည်။"

"လူတို့၏စိတ်ဝိညာဉ်ကိုအန္တရာယ်ပြုသော

ခံတွင်းအလိုလိုက်ခြင်းတည်းဟူသောအကြီးဆုံးသောစုံစမ်းခြင်းကိုရင်ဆိုင်ရာတါင် ကျွန်ုပ်တို့၏ကယ်တင်သောသခင်သည်စာတန်၏စွမ်းရည်ကိုခံရပ်နိုင်တော်မူသည်။ ဤစုံစမ်းခြင်းမျိုးကိုလူသည်အောင်မြင်လျှင်သူသည်အခြားစုံးစမ်းခြင်းများကိုအလားတူအောင်မြင်လိမ့်မည်။"

ခရစ်တော်သည်သန့်ရှင်းသောဝိညာဉ်တော်၏
ဗတ္တိဇံကိုနေ့စဉ်ခံယူရရှိခြင်း

"ကျွန်ုပ်တို့အားကမ်းလှမ်းနိုင်ရန်ခရစ်တော်သည်ခမည်းတော်ထံမှအမြဲတစေခံယူရရှိတော်မူသည်။--- မိမိအတွက်မဟုတ်ဘဲအများသောသူတို့အတွက်ကိုယ်တော်သည်အသက်ရှင်တော်မူ

၃၈

သည်။ စိတ်ကူးတော်မူသည်။ ဆုတောင်းတော်မူသည်။ ကောင်းကင်မှအလင်းကိုလူတို့ထံဆောင်ကြဉ်းလာတော်မူရန် နာရီပေါင်းများစွာဘုရားသခင်အားဆုတောင်းပတ္ထနာပြုတော်မူရာအရပ်မှ ခရစ်တော်သည်နံနက်အစဉ်အတိုင်းထွက်ကြွလာတော်မူသည်။ နေ့စဉ်ကိုယ်တော်သည်သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုခံယူရရှိတော်မူသည်။"

"ခရစ်တော်၏လူ့ဇာတိသည်ဘုရားသခင့်ဇာတိတော်နှင့်အတူပေါင်းဖက်ဂဟေဆက်ထားတော်မူသည်။ ကိုယ်တော်၌သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းအားဖြင့် ကိုယ်တော်သည်ဆိုင်ပြိုင်တိုက်လှန်မှုအတွက်တော်သင့်အောင်ခံရတော်မူသည်။ ကျွန်ုပ်တို့အားဘုရားသခင်၏ဇာတိတော်နှင့်ဆက်ဆံသူများဖြစ်စေရန ကိုယ်တော်သည်ကြွလာတော်မူသည်။"

အကယ်၍ဘုရားသခင်၏သားဖြစ်တော်မူသောယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုနေ့စဉ်ရက်ဆက်လိုအပ်တော်မူလျှင် သင်နှင့်ကျွန်ုပ်တို့လည်းလိုအပ်သည်မဟုတ်ပါလော။ ခရစ်တော်သည်ခပ်သိမ်းသောအရာတို့တွင် ကျွန်ုပ်တို့၏ပုံသက်သေဖြစ်တော်မူသောကြောင့် ယှဉ်ပြိုင်တိုက်လှန်မှုအတွက်တော်သင့်သောအခြေအနေ၌ရပ်တည်နေရန်ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ကိန်းဝပ်ခြင်းကိုနေ့စဉ်ရက်ဆက်တွေ့ကြုံခံစားကြရမည်။

"လမ်းလွှဲပျောက်ဆုံးသောလူသားတို့အားကယ်တင်ရန်မိမိကိုယ်ကိုကျိုးကိုစွန့်တော်မူသောယေရှုအားသန့်ရှင်းသောဝိညာဉ်တော်ကိုအတိုင်းအတာမရှိပေးတော်မူသည်။ သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်နေနိုင်မှုအတွက်စိတ်နှလုံးတစ်ခုလုံးကိုအပ်နှံသောအခါခရစ်တော်၏နောက်လိုက်တိုင်းတို့အား ထိုနည်းတူစွာပေးတော်မူမည်။"

၃၉

"ကိုယ်တော်အောင်မြင်သကဲ့သို့အောင်မြင်နိုင်ရန်

ကျွန်ုပ်တို့သည်ခရစ်တော်ကိုကြည့်ရကြမည်။ ကိုယ်တော်ခုခံတော်မူသကဲ့သို့ ခုခံကြရမည်။ ကိုယ်တော်ဆုတောင်းတော်မူသကဲ့သို့ ကျွန်ုပ်တို့ဆုတောင်းကြရမည်။ ကိုယ်တော်သည်ပြင်းစါသောဒုက္ခဝေဒနာကိုခံစာရသကဲ့သို့ ကျွန်ုပ်တို့သည်ခံစားကြရမည်။"

"သန့်ရှင်းသောဝိညာဉ်တော်ကိုလူတို့နှင့်အမြဲတစေဆက်ဆံနေစေရမည်။ သို့မဟုတ်လျှင်မှောင်မိုက်၏အာဏာစက်တိုက်ကိုယှဉ်ပြိုင်တိုက်လှန်ဖို့သူတို့၌စိတ်ဆန္ဒရှိကြမည်မဟုတ်ပေ။"

သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့အတွက်ဘာကိုဆောင်ရွက်ပေးမည်နည်း

"မည်သည့်နေရာ၌တွေ့ရှိရသည်မဆိုအပြစ်အတွက်၊ "ငါတို့ဘုရားသခင်သည်လောင်သောမီးဖြစ်တော်မူ၏။" (ဟေဗြဲ၊ ၁၂း၂၉)ကိုယ်တော်၏တန်ခိုးတော်အားဖြင့်ပြုပြင်ပေးတော်မူခြင်းကိုဝန်ခံသောသူတိုင်းတို့၏စိတ်ထဲတွင်ဘုရားသခင်၏ဝိညာဉ်တော်သည်အပြစ်ကိုလောင်ကျွမ်းတော်မူသည်။ သို့ရာတွင်လူတို့သည်အပြစ်ကိုတွယ်ကပ်မက်ယမ်းနေလျှင် သူတို့သည်၎င်းအပြစ်နှင့်ထပ်တူထပ်မျှဖြစ်လာမည်။ ထိုအခါအပြစ်ကိုဖျက်ဆီးသောဘုရားသခင့်တန်ခိုးတော်ကသူတို့ကိုဖျက်ဆီးပစ်ရမည်။"

"ဘုရားသခင်၏ဝိညာဉ်တော်သည်စိတ်နှလုံးကိုစိုးပိုင်တော်မူသောအခါ ၎င်းဘဝအသက်တာကိုပြုပြင်ပြောင်းလဲပေး၏။ အပြစ်ဆိုင်ရာစိတ်ကူးများကိုဖယ်ရှားပစ်၍အပြစ်အပြုအမူများကိုစွန့်ပစ်ကြသည်။ ချစ်ခြင်းမေတ္တာ၊ စိတ်နှိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းတို့သည်အမျက်ဒေါသ၊ မနာလိုငြူစူခြင်းနှင့်ရန်ပြုခြင်းတို့၏နေရာတွင်အစားထိုးဝင်ရောက်လာကြပါတော့သည်။ ဝမ်းနည်းမည့်အစား



ဝမ်းမြောက်ခြင်းရှိ၍မျက်နှာသည်ကောင်းကင်မှလင်းရောင်ခြည်ကိုပြန်လည်ထင်ပေါ်လာစေသည်။ ဝန်ထုပ်ကိုရှီမပေးသောလက်တော်ဖြစ်စေ၊ ကောင်းကင်တံတိုင်းတော်များမှကျဆင်းလာသာလင်းရောင်ခြည်ကိုဖြစ်စေ အဘယ်သူမျှမမြင်ပေ။ ယုံကြည်ခြင်းအားဖြင့်မိမိကိုယ်ကိုဘုရားသခင်အားပေးအပ်သောအခါ ကောင်းချီးမင်္ဂလာသည်ကျဆင်းလာလိမ့်မည်။ ထိုနောက်မည်သူတစ်ဦးတစ်ယောက်မျှမတွေ့မြင်သော၎င်းတန်ခိုးတော်က သက်ဆိုင်ရာပုဂ္ဂိုလ်အား ဘုရားသခင်၏ပုံသဏ္ဍာန်တော်နှင့်တညီတည်းဖန်ဆင်းပြုပြင်ပေးတော်မူမည်။"

"သန့်ရှင်းသောဝိညာဉ်တော်ကစိတ်နှလုံးကိုပြုပြင်ပေးခြင်းအားဖြင့်သာ ကျွန်ုပ်တို့သည်ကောင်းကင်ဘုံသို့ဝင်စားထိုက်သောသူများဖြစ်လာနိုင်သည်။ ကျွန်ုပ်တို့သည်ဝိညာဉ်တော်၏အရှိန်အဝါအားဖြင့်ပြောင်းလဲမှုကိုနေ့စဉ်လိုအပ်ပေသည်။"

“အသစ်ဖန်ဆင်းပြုပြင်ထားသောသူများကို ခရစ်တော်ယေရှု၏စံနမူနာနှင့်တူညီအောင်ဝိညာဉ်တော်ကဆောင်ကြဉ်းပေးသည်။”

“အပြစ် ပိုင်နက်အတွင်းသို့မဆင်းသက်မိစေရန် ကျွန်ုပ်တို့အတွက်တစ်ခုတည်းသောလုံခြုံမှုသည် သန့်ရှင်းသောဝိညာဉ်တော်၏ပံ့သွင်းပေးနိုင်သောအရိပ်အာဝါသအောက်တွင် ထာဝစဉ်ရပ်တည်နေခြင်းဖြစ်သည်။”

“အကယ်၍လူတို့သည်ပံ့သွင်းမှုကိုခံစားလိုလျှင်သူတို့၏ရပ်တည်မှုတစ်ခုလုံးသည် စင်ကြယ်ခြင်းသို့ရရောက်ရှိမည့်ပြုပြင်မှုကိုခံရကြမည်။ ဝိညာဉ်တော်သည်ဘုရားသခင်၏နက်နဲသောအရာများကိုယူ၍ ၄င်းတို့ဖြင့်စိတ်ဝိညာဉ်ကိုတံဆိပ်ခတ်တော်မူမည်။”

“ဖယောင်းသည်တံဆိပ်နှိပ်ခြင်းကိုခံယူသကဲ့သို့စိတ်ဝိညာဉ်သည် ဘုရားသခင်၏ဝိညာဉ်တော်တံဆိပ်ခတ်နှိပ်ခြင်းကိုခံယူ



၍ ခရစ်တော်၏ပုံသဏ္ဌာန်တော်ကိုလက်ဆုပ်လက်ကိုင်ထားရှိလိမ့်မည်။”

## ဘုရားသခင်၏မေတ္တာတော်

ရော၊ ၅း၅။ “ငါတို့အားပေးတော်မူသောသန့်ရှင်းသောဝိညာဉ်တော်အားဖြင့် ဘုရားသခင်၏မေတ္တာတော်ကိုငါတို့စိတ်နှလုံးထဲသို့သွန်းလောင်းတော်မူ၏။”

“ဝိညာဉ်တော်ကိန်းဝပ်တော်မူခြင်းကိုဘဝအသက်တာတွင် ကောင်းကင်ဆိုင်ရာမေတ္တာယိုစီးစေခြင်းအားဖြင့်ပြသလိမ့်မည်။”

ခရစ်တော့်မေတ္တာတော်၏အတိုင်းအတာသည်မည်သို့နည်း။ ကိုယ်တော်ကိုလက်ဝါးကပ်တိုင်၌ရိုက်နေစဉ်ကိုယ်တော်ကလူသတ်သမားတို့အတွက်ဆုတောင်းလိုက်သည်မှာ၊ ‘အိုအဘ၊ သူတို့၏အပြစ်ကိုလွှတ်တော်မူပါ။သူတို့သည်ကိုယ်ပြုသောအမှုကိုမသိကြ။’ ‘အို၊ ကြီးမားလှသောမေတ္တာပါတကား။ အံ့ဖွယ်သောမေတ္တာပါတကား။’ ‘ခရစ်တော်ယေရှု၌ရှိသော ထိုစိတ်သဘောကိုသင်တို့၌လည်းရှိစေကြလော့။’ ယေရှုချစ်သကဲ့သို့ ကျွန်ုပ်တို့ချစ်သောအခါ ကမ္ဘာကြီး၏အလိုအပ်ဆုံးအရာကိုပေးကမ်းရန်သန့်ရှင်းသောဝိညာဉ်တော်သည် ကျွန်ုပ်တို့ကိုအသုံးပြုတော်မူမည်။

“လူသားတို့မှတစ်ဆင့်ပြသရသောကယ်တင်သောသခင်၏မေတ္တာတော်ထက် ကမ္ဘာကြီးလိုအပ်သောအရာသည်မရှိပေ။”

“လူတို့၏စိတ်နှလုံးထဲတွင်ကိုယ်တော့်နှုတ်ကပါဠ်တော်၌ပါရှိသောကျင့်စဉ်များကိုသွင်းပေးတော်မူခြင်းအားဖြင့်သန့်ရှင်း

သောဝိညာဉ်တော်သည် လူတို့၌ဘုရားသခင်၏ဂုဏ်အင်္ဂါများဖွံ့ဖြိုးလာ
အောင်ပြုတော်မူသည်။ ကိုယ်တော်၏ဂုဏ်အင်္ဂါဖြစ်သောကိုယ်တော့်

၄၂

ဘုန်းအလင်းသည်ကိုယ်တော်၏တပည့်တော်များ၌ထွန်းလင်းနေရမည်။"

"နောက်ဆုံးကရုဏာအလင်းဖြစ်သော
ကမ္ဘာကြီးအားသံတော်ဆင့်ရမည့်နောက်ဆုံးကရုဏာသတင်းစကား
သည်ကိုယ်တော်၏မေတ္တာတော်ကိုဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်
၏သားသမီးများသည်ကိုယ်တော်၏ဘုန်းတန်ခိုးတော်ကိုထင်ရှားစေ
ကြရမည်။"

"ကိုယ်တော်၏မေတ္တာတော်အလင်းဖြင့်ထွန်းလင်း
နေမည့်ကမ္ဘာမြေကြီးအားထိုမေတ္တာတော်ကစုံလင်စွာနောက်ဆုံးအ
ကြိမ်အသင်းတော်အားဖြင့်ဖေါ်ပြတော်မူမည်။"

ကြီးမားသောတာဝန်ဖြစ်ပါသည်တကား၊ ကြီးမားလှသော
အခွင့်အရေးလည်းဖြစ်ပါသည်တကား။ သန့်ရှင်းသောဝိညာဉ်တော်
၏ကြီးမားလှသောတန်ခိုးတော်အားဖြင့်ဘုရားသခင့်မေတ္တာတော်
ကိုဖေါ်ပြ၍ကိုယ်တော်၏ဘုန်းတန်ခိုးတော်ကိုထင်ရှားစေရမည်။

ဤတာဝန်ကိုပြီးမြောက်စေရန်ဇာတိပကတိစိတ်သဘော
ကိုချုပ်ငြိမ်းစေ၍ သန့်ရှင်းသောဝိညာဉ်တော်၏ဗတ္တိဇံကိုနေ့စဉ်ခံစား
ရမည်။ကျွန်ုပ်တို့သည်ကိုယ်တော်၏တန်ခိုးတော်ကိုအကြွင်းမဲ့ဝန်ခံလျှင်
သန့်ရှင်းသောဝိညာဉ်တော်သည်ကျွန်ုပ်တို့၏စိတ်နှလုံးထဲ၌အပြစ်ကို
ဖျက်ဆီးတော်မူမည်။ ထို့ပြင်ကျွန်ုပ်တို့၏မျက်နှာများမှတစ်ဆင့်ကောင်း
ကင်ဘုံမှအလင်းကိုပြန်၍ထင်ပေါ်စေသည်တိုင်အောင်ကျွန်ုပ်တို့ကို
မသန့်ရှင်းသောအရာရှိသမျှနှင့်ကင်းစင်စေရန်လည်းကောင်း၊ယဉ်ကျေး
သိမ်မွေ့လာစေရန်လည်းကောင်း၊ စိတ်နေစိတ်ထားတစ်ရပ်လုံးပြောင်း
လဲစေရန်လည်းကောင်း ပြုပြင်ပေးတော်မူမည်။ ကျွန်ုပ်တို့သည်

၄၃

သည် ဘုရားသခင်၏ပုံသဏ္ဌာန်တော်နှင့်တညီတည်းဖြစ်လာစေရန်
သန့်ရှင်းသောဝိညာဉ်တော်ကကျွန်ုပ်တို့ကိုအသစ်သောသတ္တဝါအဖြစ်
သို့ဖန်ဆင်းပြုပြင်ပေးတော်မူမည်။သို့ပြီးမှကျွန်ုပ်တို့သည်နောက်မိုးကို
လက်ခံရရှိကြရန်လည်းကောင်း၊ အသံကျယ်သောကြွေးကြော်မှုဆိုင်
ရာအမှုတော်ကိုထမ်းကြရန်လည်းကောင်း ပြင်ဆင်ထားပြီးသောသူ
များဖြစ်လာကြလိမ့်မည်။

"သန့်ရှင်းသောဝိညာဉ်တော်သည်တပည့်တော်များ
အပေါ်သို့ဆင်းသက်လာတော်မူပြီးသည်နောက် ကိုယ်တော်ကိုလည်း
ကောင်း၊ ကိုယ်တော်အသေခံ၍ရွေးနုတ်ထားတော်မူသောသူတို့ကို
လည်းကောင်း ချစ်သောစိတ်နှင့်သူတို့သည်ပြည့်ဝလျက်ရှိနေကြသော

ကြောင့် သူတို့ဟောပြောသောစကားများနှင့်သူတို့တောင်းသောဆုပတ္ထ နာတို့ကကြားနာရသောသူ၏စိတ်နှလုံးများကိုကြည်နူးစေသည်။ သူတို့သည်ဝိညာဉ်တော်၏တန်ခိုးတော်အားဖြင့်ဟောပြောကြသည်။ ထိုတန်ခိုးတော်၏ဩဇာသက်ရောက်မှုကြောင့်ထောင်ပေါင်းများစွာ သောသူတို့သည်ပြောင်းလဲခြင်းသို့ရောက်ကြသည်။"

"မိမိတို့၏ညီအစ်ကိုတော်များကိုမချစ်လျှင်၊ဘုရား သခင့်ရှေ့တော်၌နှိမ့်ချသောစိတ်မရှိလျှင်သူတို့သည်ဘာမျှမဟုတ်ကြ။"

"အတ္တစိတ်သည်သေမှသာလျှင်၊ အမြင့်မြတ်ဆုံးသောအာဏာ ရမှုအတွက်လုယက်ဖက်ပြိုင်မှုကိုစွန့်လွှတ်မှသာလျှင်၊ စိတ်နှလုံးသည် ဗကျေးဇူးတင်တတ်သောသဘောဖြင့်အပြည့်ရှိမှသာလျှင်၊ ဗမတ္တာစိတ် ကဘာဝအသက်တာကိုရနံ့မွှေးကြိုင်အောင်ပြုမှသာလျှင် ခရစ်တော် သည်စိတ်ဝိညာဉ်၌ကိန်းဝပ်နေတော်မူ၍ ကျွန်ုပ်တို့သည်လည်း ဘုရား သခင်၏လုပ်ဖေါ်ဆောင်ဖက်များဖြစ်ကြသည်ဟုအသိအမှတ်ပြုခြင်းခံ ရကြမည်။"

၄၄

"ခရစ်တော်ကိုချစ်ခြင်းနှင့် ကျွန်ုပ်တို့၏ညီအစ်ကိုတော် များကို ချစ်ခြင်းကကျွန်ုပ်တို့သည်အထက်ကယေရှုနှင့်အတူရှိခဲ့၍ ကိုယ်တော်ထံ၌နည်းခံခဲ့သည်ကိုကမ္ဘာကြီးအားသက်သေခံလိမ့်မည်။ သို့ပြီးမှတတိယကောင်းကင်တမန်၏သတင်းစကားသည်အသံကျယ် သောကြွေးကြော်သံအဖြစ်သို့ပြောင်းလဲလာလျက် ကမ္ဘာမြေကြီး တစ်ခုလုံးသည်ထာဝရဘုရားသခင်၏ဘုန်းတန်ခိုးနှင့်ထွန်းလင်းနေလိမ့် မည်။"

"သန့်ရှင်းသောဝိညာသ်တော်၏ဗတ္တိဇံကိုနေ့စဉ်ခံစား ရမှုအတွက် အမှုတော်ဆောင်တိုင်းသည် ဘုရားသခင်ထံတောင်း လျှောက်သင့်ကြပေသည်။"

နေ့စဉ်ရက်ဆက် သန့်ရှင်းသောဝိညာဉ်တော်၏ ဗတ္တိဇံကို ခံစားရမှုအတွက် အဖိုးအခကိုပြည့်ပြည့်စုံစုံပေးခြင်းအားဖြင့် ကျွန်ုပ် တို့သည်ယေရှု၏ပုံသက်သေကိုလိုက်သင့်သည်မဟုတ်ပါလော။ ယေရှု ခရစ်၌ရှိသောထိုစိတ်သဘောကိုသင်တို့၌လည်းရှိစေကြလော့။

"ညီအစ်ကိုမောင်နှမတို့၊ သန့်ရှင်းသောဝိညာဉ်တော်ကို ရရှိရန်တောင်းလျှောက်ကြပါစို့။"

နောက်နှင့်နှစ်ခြင်းဆရာယောဟန်
ဘုရားသခင်ကိုသိကျွမ်းခြင်း

"အတိတ်ကာလက တစ်ခါမျှမတွေ့မြင်ဖူးသောအခြေ အနေတင်းမာမှုသည် ယနေ့ကမ္ဘာပေါ်တွင်တွေ့မြင်နေရသည်။ ပျော်ရွှင် မှုလိုက်စားရာမှာလည်းကောင်း၊ ငွေကြေးစုဆောင်းရှာဖွေရာမှာလည်း

ကောင်း၊ ဩဇာလွှမ်းမိုးမှုအတွက်ကြိုးပမ်းရာမှာလည်းကောင်း လူတို့၏ကာယ
ခွန်အား၊ ဉာဏခွန်အားနှင့်ဝိဉာဏခွန်အားများပါဝင်ယှဉ်ပြိုင်စေသော

ကြောက်မက်ဖွယ်ကောင်းသောအင်အားစုတစ်ခုသည်လုပ်ဆောင်လျက်
ရှိသည်။ ဤကဲ့သို့ဒေါသမာန်မာနနှင့်ပျာယာခတ်ဖြစ်နေသောအချိန်
တွင် ဘုရားသခင်သည်စကားပြောနေတော်မူသည်။"

လူတို့အားဘုရားသခင်က ကမ်းလှမ်းလိုတော်မူသော ဤအရေး
ကြီးသောသတင်းစကားသည်ဘာနည်း။ ယေ၊ ၉း၂၃၊၂၄ တွင်ရေးသား
ဖော်ပြထားသောကိုယ်တော်၏အသံတော်ကိုနားထောင်ကြည့်ပါ။
"ထာဝရဘုရားမိန့်တော်မူသည်ကား၊ ဉာဏ်ရှိသောသူသည်မိမိပညာ၌
မဝါကြွားစေနှင့်၊ ခွန်အားကြီးသောသူသည်မိမိခွန်အား၌မဝါကြွားစေ
နှင့်၊ ဥစ္စာရတတ်သောသသည်မိမိဥစ္စာ၌မဝါကြွားစေနှင့်၊ ဝါကြွားသော
သူမည်သည်ကား၊ ငါထာဝရဘုရားကိုသိကျွမ်းနားလည်ခြင်း၌သာဝါ
ကြွားစေ။"

ယေရှုကကျွန်ုပ်တို့အားမိန့်တော်မူသည်မှာ၊ "ထာဝရအသက်
ဟူမူကား၊ မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသောကိုယ်
တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုကိုလည်းကောင်း
သိကျွမ်းခြင်းတည်း။" (ယော၊ ၁၇း၃)။

"ဘုရားသခင်ကိုသိကျွမ်းရန်ကျွန်ုပ်တို့အခွင့်အရေးရှိ
သည်အတိုင်းဘုရားသခင်ကိုကျွန်ုပ်တို့သိကျွမ်းကြလျှင် ကျွန်ုပ်တို့၏
ဘဝအသက်တာတစ်လျှောက်လုံးတွင်ကိုယ်တော်၏စကားတော်ကို
နားထောင်သောသူများဖြစ်ကြမည်။"

"ဘုရားသခင်နှင့်ကိုယ်တော်စေလွှတ်တော်မူသော
ယေရှုကိုစမ်းသပ်ကြည့်ရှုပြီးနောက် သိကျွမ်းခြင်းကလူကိုဘုရားသခင်


၏ပုံသဏ္ဌာန်နှင့်တညီတည်းပြုပြင်ပြောင်းလဲပေးသည်။"

"ကျွန်ုပ်တို့အတွက်အထူးလိုအပ်သောအရာသည်အကျင့်
စာရိတ္တကိုပြုပြင်ပြောင်းလဲပေးသောဘုရားသခင်ကိုသိကျွမ်းခြင်းဖြစ်
သည်။ အကယ်၍ကျွန်ုပ်တို့သည်ကိုယ်တော်၏ရည်စူးချက်အတိုင်း
လိုက်နာကျင့်သုံးလျှင် ကိုယ်တော်၏နှုတ်ကပါဌ်တော်၌ပါရှိသော
ဩဝါဒနှင့်ညီညွတ်သောဘုရားသခင်၏ဂုဏ်တော်ထုတ်ဖော်ပြသမှုကို
ကျွန်ုပ်တို့၏ဘဝအသက်တာတွင်တွေ့မြင်ရမည်ဖြစ်သည်။"

နောက်နှင့်နှစ်ခြင်းဆရာယောဟန်တို့ရင်ဆိုင်ခဲ့ရသော အတွေ့
အကြုံသည်ကျွန်ုပ်တို့ရင်ဆိုင်ရမည့်အတွေ့အကြုံကိုပုံဆောင်သည်။ သေ
ခြင်းနှင့်လွတ်၍ဘဝပြောင်းသွားခဲ့သော နောက်နှင့်ခရစ်တော်ကြွလာ
မည့်အကြိုခေတ်တွင်ထာဝရဘုရားကြွတော်မူရာလမ်းကိုပြင်ဆင်၍လမ်း
ခရီးတော်ကိုဖြောင့်စေရန် ခေါ်တော်မူခြင်းခံရသောနှစ်ခြင်းဆရာ

ယောဟန်တို့၏အတ္ထုပ္ပတ္တိကို ကျွန်ုပ်တို့သည်ယခုအခါလေ့လာနေသည် ထက်အဆပေါင်းမြောက်မြားစွာပိုမို၍လေ့လာရန်လိုအပ်လှသည်။"

### ဧနောက်

ကၢ၊ ၅း၂၄။ "ဧနောက်သည်ဘုရားသခင်နှင့်အတူသွားလာ၏။ နောက်တစ်ဖန်သူသည်မရှိ။အကြောင်းမူကား၊ ဘုရားသခင်သိမ်းယူ တော်မူသောကြောင့်တည်း။"

ဟေဗြဲ၊ ၁၁း၅။ "ဧနောက်သည်ယုံကြည်ခြင်းအားဖြင့်သေခြင်း နှင့်လွတ်၍ဘဝပြောင်းရ၏။ -- သူသည်ဘဝမပြောင်းမီဘုရားသခင်၏ စိတ်တော်နှင့်တွေ့သောသူဖြစ်သည်ဟုသက်သေခံခြင်းကိုခံရလေ၏။"

"နေ့ရောညပါ ဧနောက်သေချာစွာစဉ်းစားသောအ ကြောင်းအရာသည် ခရစ်တော်မှတစ်ဆင့်ပြသတော်မူသော ဘုရား

၄၇

သခင်၏မေတ္တာတော်၊စမ်း၍မမီနိုင်သောမေတ္တာတော်ဖြစ်သည်။ထို မေတ္တာတော်ကိုလူသည်သူနေထိုင်သောရပ်ကွက်၌ရှိသောလူတို့ကို အားတက်သရောထုတ်ဖေါ်ပြောဖို့ရန်ကြိုးပမ်းခဲ့သည်။"

ကမ္ဘာကြီးသည်ရေအားဖြင့်ဖျက်ဆီးခြင်းမခံရမီဘုရားသခင် သည်သစ္စာရှိသောဧနောက်အားဖြင့်မိမိ၏မေတ္တာတော်ကိုထုတ်ဖေါ် ပြတော်မူသည်။ ကမ္ဘာမြေကြီးကိုမီးအားဖြင့်မဖျက်ဆီးမီမိမိ၏မေတ္တာ တော်ကိုမိမိ၏လူမျိုးအားဖြင့်ဖေါ်ပြရန်ယခုအခါတွင်အလိုရှိတော်မူသည်။ ယနေ့ကမ္ဘာမြေကြီး၏အလိုအပ်ဆုံးသောအရာသည်ဘုရားသခင်၏ ဗမေတ္တာတော်ကိုထင်ရှားစွာဖေါ်ပြခြင်းဖြစ်သည်။

"ဧနောက်သည်ဘုရားသခင်နှင့်အတူသွားလာသည်ဆို သည်မှာဘဝင်ဖြစ်နေချိန်(သို့မဟုတ်)ရူပါရုံရရှိနေချိန်တွင်မဟုတ်ဘဲ သူ့ဘဝအသက်တာ၏နေ့စဉ်တာဝန်ဝတ္တရားများဆောင်ရွက်နေချိန်တွင်ဖြစ် သည်။ သူသည်အပြစ်လောကနှင့်လုံးဝအဆက်ဖြတ်ထားသောရသေ့ တပသီမဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော်သူသည်ကမ္ဘာပေါ်တွင် ဘုရားသခင်အတွက်အလုပ်အကိုင်တစ်ခုကိုထမ်းဆောင်ရမည့်သူဖြစ် သည်။"

"မိမိ၏ကျွန်အားဖြင့်ပြတော်မူသောဘုရားသခင်၏ တန်ခိုးတော်ကိုထိုကျွန်ပြောသောစကားများအားကြားနာရသောသူတို့ ကသိမြင်ကြသည်။ ဧနောက်၏စိတ်နှလုံးသည်ထာဝရကာလဆိုင်ရာ ဘဏ္ဍာများကိုစွဲလမ်းနေသည်။ မြေကြီးပေါ်၌အသက်ရှင်နေချိန်တွင် သူသည်ယုံကြည်ခြင်းအားဖြင့်အလင်းနိုင်ငံတော်တွင်ရပ်တည်နေသည်။"

"သူ့စိတ်နှလုံးသည်ဘုရားသခင့်အလိုတော်နှင့်ညီညွတ် သည်။ ဧနောက်တွင်ကြံ့ခိုင်၍အမြင်ကျယ်သည်သာမကရင့်ကျက်သော စိတ်ရှိသည်။ ဘုရားသခင်၏အထူဖေါ်ပြချက်များအားဖြင့် ဂုဏ်

ပြုခြင်းခံရသည်။ ဘုရားသခင်နှင့်အမြဲတစေမိတ်သဟာယဖွဲ့ခြင်းရှိ၍ ကိုယ်တော်၏ကြီးမြတ်ခြင်းနှင့်စုံလင်တော်မူခြင်းတည်းဟူသောတန်ခိုးတော်များကိုလည်းအမြဲတစေမျက်မှောက်ပြုနေလင့်ကစား သူသည်စိတ်အနှိမ့်ချဆုံးသောပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းသည်ပိုမိုရင်းနှီးလေလေ၊ မိမိ၏အားနည်းခြင်းနှင့်မစုံမလင်ခြင်း၏အသိစိတ်သည်ပိုမိုနက်ရှိုင်းလာလေလေဖြစ်သည်။"

ဘုရားသခင်နှင့်အမြဲတစေမိတ်သဟာယဖွဲ့မှုက ဧနောက်အားကိုယ်တော်၏တန်ခိုးတော်ကိုပိုမိုကြီးမားသောပမာဏအားဖြင့်ဆောင်ကြဉ်းပေး၍သူ၏စိတ်ကိုနှိမ့်ချသောသဘောဖြင့်ပြည့်ဝစေသည်။ ဆရာကြီးဒီ၊ အယ်လ်၊ မူဒီက "ကြီးမြတ်ခြင်း၏အစသည်သေးငယ်ခြင်းဖြစ်၍ကြီးမြတ်ခြင်း၏တိုးပွားမှုသည်ယုတ်လျော့ခြင်းဖြစ်ပြီးလျှင်ကြီးမြတ်ခြင်း၏စုံလင်ခြင်းသည်ဘာမျှမဟုတ်ခြင်းဖြစ်သည်" ဟုဆိုသည်။အယ်လ်ဂျီဝှိုက်က–"တစ်ခုတည်းသောကြီးမြတ်ခြင်းသည်နှိမ့်ချခြင်းဖြစ်သည်" ဟုရေးသားထားသည်။

"ဤနည်းအားဖြင့်သူသည်ကိုယ်တော်ကိုစောင့်မျှော်လျက်၊ သူထမ်းဆောင်နိုင်မည့်အကြောင်းကိုယ်တော်၏အလိုတော်ကိုပိုမိုရှင်းလင်းပြတ်သားစွာသိရှိရန်ကြိုးပမ်းလျက်နေသည်။ သူ့အတွက်ဆုတောင်းခြင်းသည်ဝိညာဉ်၏ဇီဝအသက်ဖြစ်သည်။ သူသည်ကောင်းကင်ပတ်ဝန်းကျင်တွင်ကျင်လည်နေခဲ့သည်။"

"ဤနည်းအားဖြင့်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှုရှိခဲ့သောကြောင့်ဧနောက်သည်ဘုရားသခင်၏ပုံသဏ္ဌာန်တော်ကိုတိုး၍တိုး၍ထင်ပေါ်စေနိုင်သည်။ သူ့မျက်နှာသည်သန့်ရှင်းသောအလင်းဖြင့်တောက်ပလျက်ထိုအလင်းသည်ကားယေရှုခရစ်တော်၏မျက်နှာတော်တွင်ထွန်းလင်းခဲ့သောအလင်းမျိုးပင်တည်း။ သူသည်


၎င်းကဲ့သို့ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ရာမှ ထွက်ပေါ်လာသောအခါ သူ့မျက်နှာတွင်ရိုက်နှိပ်ထားသောကောင်းကင်တံဆိပ်ကို ဘုရားမဲ့တရားမဲ့နေကြသောသူတို့ကပင်ကြောက်ရွံ့ရိုသေစွာဖြင့်တွေ့မြင်ကြရသည်။"

"ဧနောက်၏အတွေ့အကြုံက ကျွန်ုပ်တို့ရင်ဆိုင်သင့်သည့်အတွေ့အကြုံမျိုးကိုပုံဆောင်သည်။" ကျွန်ုပ်တို့၏ဇာတိပကတိစိတ်ကိုနေ့စဉ်လက်ဝါးကပ်တိုင်မှာရိုက်ထားလျှင်လည်းကောင်း၊ တစ်စုံတစ်ခုမျှထိမ်ချန်ခြင်းမရှိဘဲအမှုတော်ထမ်းဆောင်ရန် ဘုရားသခင်အားကျွန်ုပ်တို့ကိုယ်ကိုဆက်ကပ်လျှင်လည်းကောင်း၊ နေ့စဉ်သန့်ရှင်းသောဝိညာဉ်တော်၏ဘိသိက်မင်္ဂလာအတွက်အမြဲတစေဆုတောင်းလျှင်

လည်းကောင်း ကျွန်ုပ်တို့၏ မျက်နှာများ၌ရိုက်နှိပ်ထားသော ကောင်းကင်ဆိုင်ရာတံဆိပ်ကိုအခြားသောသူတို့ကတွေ့မြင်ကြလိမ့်မည်။

ဤအစီအစဉ်သည်ကျွန်ုပ်တို့၏ လိုအပ်ချက်ကိုဖြည့်စွမ်းပေး၍ ကမ္ဘာကြီး၏ လိုအပ်ချက်ဖြည့်စွမ်းပေးရန်သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုအသုံးပြုတော်မူလိမ့်မည်။ ထိုနောက်ဘုရားသခင်၏ အမှုတော်သည်အလွန်တိုတောင်းသောအချိန်အတွင်း ပြီးဆုံးခြင်းသို့ရောက်ရှိလိမ့်မည်ဖြစ်သည်။

"ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့်လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏ တန်ခိုးတော်အားဖြင့်လည်းကောင်း အရှေ့အရပ်သည်ကြွလာတော်မူခြင်း၏ လင်းရောင်ခြည်ဖြင့်ထွန်းလင်းနေချိန်တိုင်အောင် ဧနောက်၏ အတွေ့အကြုံသည် ကျွန်ုပ်တို့ရင်ဆိုင်သင့်သည့်အတွေ့အကြုံများကိုပုံဆောင်သည်"ဟု ကျွန်ုပ်တို့သည်တညီတညွတ်တည်းဆိုသင့်ကြသည်မဟုတ်ပါလော။

၅၀

"ဤပုရောဖက်၏ ဘုရားတရားကိုရိုသေကိုင်းရှိုင်းသောဂုဏ်အင်္ဂါက "ကမ္ဘာမြေကြီးမှကယ်တင်ခြင်းခံရမည့်သူတို့" ရရှိထားရမည့်သန့်ရှင်းသောအခြေအနေကိုပုံဆောင်သည်။ သို့ရာတွင်ခရစ်တော်၏ ပုံသဏ္ဍာန်တော်သည်မိမိတို့၏ အသက်တာ၌ပေါ်လွင်ထင်ရှားလာသည့်တိုင်အောင်ဘုရားသခင်၏ လူတို့သည်စိတ်နှလုံးဖြူစင်မှုအတွက်လည်းကောင်း၊ ကိုယ်တော်၏ အလိုတော်နှင့်ညီညွတ်မှုရရန်အတွက်လည်းကောင်း ဧနောက်ကဲ့သို့ကြိုးပမ်းကြလိမ့်မည်ဖြစ်သည်။ ခရစ်တော်ကြွလာတော်မူမည့်အကြောင်းနှင့်ပတ်သက်၍ ဧနောက်ကဲ့သို့သူတို့သည် ကမ္ဘာကြီးအားသတိပေးကြလိမ့်မည်ဖြစ်သည်။ ကမ္ဘာမြေကြီးသည်ရေအားဖြင့်ဖျက်ဆီးခြင်းမခံရမီ ဧနောက်သည်ကောင်းကင်သို့ဘဝပြောင်းသါးသည်နည်းတူ ကမ္ဘာမြေကြီးသည်မီးအားဖြင့်ဖျက်ဆီးခြင်းမခံရမီ အသက်ရှင်လျက်ရှိကြသည့်ဖြောင့်မတ်သောသူတို့သည် ဤကမ္ဘာမြေကြီးမှကောင်းကင်သို့ဘဝပြောင်းသွားရကြမည်ဖြစ်သည်။"

"ဘုရားသခင်၏ အလိုတော်နှင့်ညီညွတ်မှုရှိလာရန် ဧနောက်သည်နှစ်ပေါင်းသုံးရာတိုင်တိုင်စိတ်နှလုံးဖြူစင်မှုရရှိဖို့ကြိုးပမ်းခဲ့သည်။ သုံးရာစုနှစ်တိုင်တိုင်သူသည်ဘုရားသခင်နှင့်အတူသွားလာခဲ့သည်။ ပိုမိုရင်းနှီးသောပေါင်းဖက်မှုရရှိရန်အတွက်သူသည်နေ့စဉ်ရက်ဆက်တောင့်တခဲ့သည်။ သူသည်သူနှင့်မင်္ဂလာရှိသောပြည်တော်စပ်ကြားခြေတစ်လှမ်းသာရှိသော ထာဝရကမ္ဘာ၏ တံခါးဝ၌အချိန်ကြာညောင်းစွာလျှောက်လိုက်ခဲ့သော ဘုရားသခင်နှင့်အတူလက်တွဲသွားလာခဲ့ခြင်းကို ဆက်လက်၍ပြုခဲ့သောကြောင့်သူသည်သန့်ရှင်းသောမြို့တော်တံခါးများမှ အတွင်းသို့ဝင်ရောက်သွားချေပြီ။ ထိုကဲ့သို့မြို့တော်တွင်းသို့ဝင်ရသောသူတို့တွင် ဧနောက်သည် ပထမဆုံးဖြစ်သည်။"

"ဧနောက်သည်ယုံကြည်ခြင်းအားဖြင့်သေခြင်းနှင့်လွတ်၍ ဘဝပြောင်းရ၏။ သူသည်ဘဝမပြောင်းမီဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်သည်ဟုသက်သေခံခြင်းကိုရလေ၏။ " (ဟေဗြဲ၊ ၁၁း၅)။

"ထိုကဲ့သို့သောမိတ်သဟာယမျိုးဆီသို့ဘုရားသခင်သည် ကျွန်ုပ်တို့အားခေါ်တော်မူသည်။ ခရစ်တော်ဒုတိယအကြိမ်မြွလာတော်မူချိန်တွင် လူတို့အထဲမှရွေးနုတ်ခြင်းခံရမည့်သူတို့၌ရှိအပ်သည့် ဧနောက်၏သန့်ရှင်းသောအကျင့်စာရိတ္တမျိုးသူတို့၌ရှိရမည်။"

"ယခုအခါတွင်ကျွန်ုပ်တို့၏လိုအပ်ချက်သည်ဧနောက်ကဲ့သို့ဘုရားသခင်နှင့်အတူသွားလာသောသူများ၊ သန့်ရှင်းသောဝိညာဉ်တော်ဖြင့် ဗတ္တိဇံခံရသောသူများအနေဖြင့်ရပ်တည်နေရန်ဖြစ်သည်။"

"ဘုရားသခင့်ရှေ့တော်တွင်ဧနောက်ကဲ့သို့လျှောက်လိုက်သောလူစုရှိလျှင် သတ္တမနေ့ဥပုသ်အသင်းဝင်များသည်ယခုပင်လျှောက်လိုက်ရန်လိုအပ်နေသည်။"

နှစ်ခြင်းဆရာယောဟန်

"ဧနောက်နှင့်နှစ်ခြင်းဆရာယောဟန်တို့၏အတွေ့အကြုံသည်ကျွန်ုပ်တို့၌ရှိသင့်သော အတွေ့အကြုံကိုပုံဆောင်သည်။"

ယော၊ ၅း၃၅။ "ယောဟန်သည်ညှိထွန်း၍လင်းသောဆီမီးဖြစ်၏။"

"ကြီးမားသောအလုပ်အကိုင်တစ်ခုကိုဆောင်ရွက်စေရန် ဘုရားသခင်သည်ဇာခရိ၏သားကိုခေါ်တော်မူသည်။"

"ထိုကဲ့သို့သောသံတမန်သည်သန့်ရှင်းရမည်။ သူသည်ဘုရားသခင်၏ဝိညာသ်တော်ကိန်းဝပ်သောဗိမာန်တော်ဖြစ်ရမည်။"

"ယောဟန်ဟောပြောခဲ့သောသတင်းစကားမျိုးကိုဟောပြောရန်ကျွန်ုပ်တို့သည်ယောဟန်ရရှိခဲ့သောဝိညာဉ်ရေးဆိုင်ရာအတွေ



အကြုံမျိုးကိုရရှိရမည်။ ကျွန်ုပ်တို့သည်ဘုရားသခင်ကိုကြည့်ရှုရမည်။ ကိုယ်တော်ကိုကြည့်ရှုရာတွင် မိမိကိုယ်ကိုတွေ့မြင်ခြင်းမရှိရ။"

"ကန္တာရဘဝ၌ကျင်လည်ရစဉ်နှစ်ခြင်းဆရာယောဟန်သည်ဘုရားသခင်၏သွန်သင်ခြင်းခံရသည်။ သူသည်သဘာဝလောကကြီးတွင် ဘုရားသခင်၏ဖေါ်ပြချက်များကိုလေ့လာသည်။ ဘုရားသခင့်ဝိညာဉ်တော်၏လမ်းညွှန်မှုအားဖြင့်သူသည်ပုရောဖက်ခရစ်တော်၏မွန်မြတ်လှသောရူပါရုံဖြင့်ပြည့်လျှံနေသည်တိုင်အောင်သူသည်ခရစ်တော်၏အတ္တုပ္ပတ္တိကိုလေ့လာသည်။"

"သူသည်ကိုယ်တော်ဘုရင်၏လှပသောအရောင်အဝါကို တွေ့မြင်ရသောအခါ သူ့အတ္တစိတ်တို့သည်ပျောက်ကွယ်ကြကုန်သည်။ သူသည်သန့်ရှင်းသောအရှင်၏ကြီးမြတ်သောဂုဏ်အသရေတော်ကိုတွေ့

မြင်ရသည်တွင် သူ၏လိုရာကိုပြီးမြောက်စေနိုင်သောအစွမ်းအားနှင့် ထိုက်တန်မှုမရှိခြင်းတို့ကိုသိရှိရသည်။ သူသည်ဘုရားသခင်ပေးတော်မူသောသတင်းကားကိုဟောပြောရမည်ဖြစ်သည်။ သူသည်ဘုရားသခင်၏တန်ခိုးတော်နှင့်ဖြောင့်မတ်တော်မူခြင်းတို့၌ရပ်တည်နေရမည်ဖြစ်သည်။ လူတို့ကိုကြောက်ရွံ့သောစိတ်မရှိဘဲ ဘုရားသခင်၏သံတမန်အနေဖြင့်သွားရောက်ဆောင်ရွက်ရန်အဆင်သင့်ဖြစ်နေပေသည်။ အဘယ်ကြောင့်ဆိုသော်သူသည် ကိုယ်တော်ကိုဖူးမြင်ခဲ့ရပေပြီ။ မြေကြီးဆိုင်ရာမင်းဧကရာဇ်တို့ရှေ့တွင်ကြောက်ရွံ့သောစိတ်ကင်းမဲ့စွာဖြင့်ရပ်တည်နိုင်လေပြီ။ အဘယ်ကြောင့်ဆိုသော်တုန်လှုပ်သောစိတ်ဖြင့်ဘုရင်တကာတို့၏ဘုရင်ရှေ့တော်၌ဦးညွှတ်ခဲ့ရလေပြီ။"

၅၃

သန့်ရှင်းသောဝိညာဉ်တော်ကိုအတိုင်းအတာ
မရှိဘဲပေးတော်မူခြင်း

"ယုံကြည်ခြင်းအားဖြင့်ကယ်တင်သောသခင်ကိုကြည့်ရှုလျက် ယောဟန်သည်ကိုယ်အလိုသို့ငြင်းပယ်နိုင်သောအဆင့်အတန်းသို့ရောက်ရှိလာပေပြီ။ လူတို့အားသူ၏စွမ်းရည်များကိုအာရုံပြုစေဖို့သူမကြိုးပမ်းဘဲ လူတို့၏စိတ်ကူးဉာဏ်များတို့သည် ဘုရားသခင်၏သိုးသငယ်ပေါ်၌အာရုံစူးစိုက်နိုင်သောအခြေသို့ရောက်သည်တိုင်အောင်တိုးတက်မြင့်မားလာစေရန်ကြိုးပမ်းလေသည်။ ဘုရားသခင်၏သံတမန်များအနေဖြင့်သစ္စာစောင့်သောသူတို့ကိုယ်တိုင်ချီးကျူးဂုဏ်ပြုခံရမှုအတွက်ကြိုးပမ်းမှုမပြုကြပေ။မိမိကိုယ်ကိုချစ်မြတ်နိုးခြင်းသည်ခရစ်တော်အားချစ်မြတ်နိုးခြင်း၌နစ်မြုပ်သွားလိမ့်မည်။ ကိုယ်ကျိုးမငဲ့သောပုရောဖက်၏ဝိညာဉ်သည်ကိုယ်တော်၏အလင်းတော်ဖြင့်ပြည့်ဝလျက်ရှိသည်။ ခရစ်တော်၏တပည့်တော်များတို့သည်ထိုကဲ့သို့ဖြစ်ရမည်။ ကျွန်ုပ်တို့၏ကိုယ်ကျိုးငဲ့မှုကိုဖျောက်ဖျက်ပစ်ရန်ဆန္ဒရှိလျှင်ကျွန်ုပ်တို့သည် ကောင်းကင်မှအလင်းတော်ကိုရရှိကြမည်ဖြစ်သည်။ နာခံနိုင်သောအခြေအနေသို့ပြုပြင်ပေးခြင်းကိုကျွန်ုပ်တို့သဘောတူညီမှသာလျှင် ဘုရားသခင်၏ဂုဏ်တော်ကိုနားလည်၍ ခရစ်တော်ကိုယုံကြည်ခြင်းအားဖြင့်လက်ခံနိုင်မည်ဖြစ်သည်။ ဤလမ်းစဉ်ကိုလိုက်မရှိဘဲပေးတော်မူသည်။"

အထက်ပါကတိတော်သည်လူတိုင်းအတွက်ဖြစ်သည်။ နှစ်ခြင်းဆရာယောဟန်သည်စည်းကမ်းချက်အားလုံးအတိုင်းလိုက်နာကျင့်သုံးသကဲ့သို့ ကျွန်ုပ်တို့သည်ပြုလုပ်ကြလျှင်ကျွန်ုပ်တို့အလိုအပ်ဆုံးသောအရာကိုပေးသနားတော်မူမည် ထိုနောက်ကမ္ဘာ၏အလိုအပ်ဆုံးသော

၅၄

အရာကိုပေးအပ်သောသူများအနေဖြင့်ကျွန်ုပ်တို့အားအသုံးပြုတော်မူ

မည်။

“ကျွန်ုပ်တို့သည်ဘုရားသခင်အားတန်ဆာပလာများ ကိုပေးအပ်လျှင် ကိုယ်တော်သည်အလုပ်ကိုလုပ်တော်မူမည်။”

“ယောဟန်သည်သူ့သတင်းစကားကိုဝိရိယနှင့်ကြိုး တင်ပြင်ဆင်ထားသောငြင်းခုံသည့်စကားများဖြင့်လည်းကောင်း၊ ပြောင် မြောက်သောနည်းလမ်းများဖြင့်လည်းကောင်းစကားပြောကြေညာ ခြင်းမပြုပေ။”

“ထိတ်လန့်ဖွယ်လည်းဖြစ်၊ တင်းမာမှုလည်းရှိသော မျှော်လင့် ချက်အပြည့်အဝရှိသည့်သူ့အသံသည်တော်ထဲမှထွက်ပေါ်လာသည်မှာ၊ “ကောင်းကင်နိုင်ငံတော်သည်တည်လုနီးပြီ။ ထိုကြောင့်နောင်တရကြ လော့။”(မ၊ ၃း၁၊၂)။ ထူးဆန်းသောအင်သစ်အားသစ်ဖြင့် သတင်း စကားသည်ကြားရသောသူတို့အားလှုပ်ရှားနှိုးဆော်လိုက်သည် လူတစ် မျိုးလုံးနိုးကြားလာသည်။ မြောက်မြားစွာသောလူတို့သည်အသံကြား ရာတောသို့ဝိုင်းအုံလာကြသည်။”

လူတစ်မျိုးလုံးတို့လှုပ်ရှားလာစေရန်ဘုရားသခင်သည်လူ တစ်ယောက်တည်းကိုတောထဲ၌အသုံးပြုတော်မူသည်။ များမကြာမီ သောအချိန်ကာလတွင်တစ်ကမ္ဘာလုံးကိုနိုးကြားလှုပ်ရှားလာစေရန် ဘုရားသခင်သည်သစ္စာရှိသည့်ကျန်ကြွင်းသောအသင်းတော်ကိုအသုံး ပြုတော်မူမည်။ ထိုသစ္စာရှိသောအသင်းဝင်များအထဲတွင်ကျွန်ုပ်တို့ လည်းပါဝင်ရန်ဆုံးဖြတ်လျှင် ကျွန်ုပ်တိုပသည်ယခုအချိန်၌ပြင်ဆင်မှုကို အလျင်အမြန်ပြုလုပ်ကြရမည်။ ယောဟန်၏အတွေ့အကြုံသည်ကျွန်ုပ် တို့၌ရှိအပ်သည့်အတွေ့အကြုံမျိုးကိုပုံဆောင်သည်။

၅၅

“အနီးအပါးတောတစ်ဝိုက်၌နေထိုင်ကြသောစာပေ ပညာရှိသည့်တောသူတောင်သားများနှင့်တံငါသည်များ၊ ဟေရှုဒ်မင်း ကြီး၏စစ်တန်းလျားများမှရောမစစ်သူရဲများ၊ ဓါးရှည်များလွယ်ထား သောစော်ဘွား၊ စော်ကဲများမှစသောထကြွပုန်ကန်မှုပြုမည့်လှုပ်ရှား မှုကိုနှိမ်နင်းပစ်ရန်အသင့်ဖြစ်နေသောလက်နက်ကိုင်များ၊ ကောက် ခွန်မဏ္ဍပ်များမှလောဘကြီးသောအကောက်ခွန်အရာရှိများနှင့်ရဟူဒီ မင်းတိုင်ပင်လူကြီးစုမှ ကျမ်းချက်များရေးသားထားသောစာလိပ်များ ထည့်ထားသည့်သားရေအိတ်များကိုဆောင်လာသော ယဇ်ပုရောဟိတ် များအားလုံးတို့သည်မှိုင်းမိနေသကဲ့သို့ ယောဟန်၏သတင်းစကားကို နားထောင်ကြသည်။ အေးစက်နိုင်လှ၍ဩဇာလွှမ်းမိုးရန်ခဲယဉ်းသည် သာမကပြက်ရယ်ပြုတတ်သောဖါရိရှဲနှင့်ဇဒ္ဒုကဲများအပါအဝင်လူအား လုံးတို့သည်သူတို့၏အပြစ်များသောအခြေအနေကိုသိမြင်လျက် သရော် သံများတိတ်ဆိတ်စွာဖြင့်လည်းကောင်း၊ စိတ်ထိခိုက်လျက်လည်း ကောင်း ထွက်ခွာသွားကြသည်။ ဟေရုဒ်မင်းကြီးသည်သူ့နန်းတော်

မှ ၄င်းသတင်းစကားကိုကြားရသောအခါ မာနကြီး၍ဒုစရိုက်အပြစ်များဖြင့် စိတ်နှလုံးခိုင်သောမင်းကြီးသည်နောင်တသို့ခေါ်သံကိုကြားရသည်တွင် တုန်လှုပ်ချောက်ချားလျက်ရှိသည်။"

"ခရစ်တော်သည်မိုးတိမ်ကိုစီး၍ကောင်းကင်မှကြွလာတော်မူမည်။ ယခုကဲ့သို့သောအကြိုခေတ်တွင်ယောဟန်ဆောင်ရွက်ခဲ့သောအမှုတော်များကိုဆောင်ရွက်ရမည်။ ထာဝရဘုရားသခင်၏နေ့ရက်၌ရပ်တည်နေနိုင်မည့်လူများကိုပြင်ဆင်ထားရန် ဘုရားသခင်သည်လူတို့ကိုခေါ်တော်မူသည်။"

"ကမ္ဘာကြီးရင်ဆိုင်ရမည့်ကံကြမ္မာကိုသတိပေးရန်ကြီးလေးလှသောတာဝန်သည် ကျွန်ုပ်တို့ပေါ်၌ကျရောက်လျက်ရှိသည်။

၅၆

ကိုယ်တော်၏အသင်းတော်သည်ထ၍တန်ခိုးအာနိသင်ဖြင့် မိမိကိုယ်ကိုဝတ်ဆင်ထားရန် ဘုရားသခင်သည်ခေါ်နေတော်မူသည်။"

"ဘုရားသခင်၏အမှုတော်ဆောင်များသည်အဆပေါင်းများစွာပိုမိုနက်ရှိုင်းသောအတွေ့အကြုံမျိုးကိုရရှိကြရမည်။ ကိုယ်တော်အားမိမိတို့ကိုယ်ကိုလုံးဝအပ်နှံလျှင်သူတို့အတွက်ဘုရားသခင်သည်ထူးကဲစွာဆောင်ရွက်ပေးတော်မူမည်။"

နောက်မိုး

အရင်မိုးသည်သန့်ရှင်းသောဝိညာဉ်တော်၏ပြုပြင်ပြောင်းလဲပေးသောတန်ခိုးဖြစ်၍ ၄င်းမိုးသည်ယုံကြည်သောသူ၏နှလုံးထဲသို့နေ့စဉ်ဝင်ရောက်တည်ရှိလျက်ကာယကံရှင်အားအပြစ်ကိုအောင်မြင်စေ၍ ခရစ်တော်၏ဖြောင့်မတ်ခြင်းဝတ်ရုံနှင့်ဖုံးအုပ်ထားတော်မူသည်။

နောက်မိုးသည်သက်သေခံရန်တန်ခိုးအာနိသင်ဖြစ်သည်။ ၄င်းနောက်မိုးကဘုရားသခင်ဘက်၌သစ္စာရှိသည့်ကျန်ကြွင်းသောလူတို့အားတတိယကောင်းကင်တမန်၏အသံကျယ်သောကြွေးကြော်သံကိုအင်တိုက်အားတိုက်ဆောင်ရွက်နိုင်ရန်ပြင်ဆင်ပေးသည်။ ထိုနောက်ကမ္ဘာသူကမ္ဘာသားတို့၏အာရုံသည်ဘုရားသခင်၏ပညတ်တော်ကိုစောင့်ထိန်းသောသူတို့အပေါ်တွင်စူးစိုက်နေမည်ဖြစ်သည်။

ထိုနောက်ဘုရားသခင်၏လူတို့သည်ဘုရားသခင်၏တန်ခိုးတော်(သို့မဟုတ်) ဘုရားသခင်၏မေတ္တာတော်၊ ဘုရားသငခ်၏ပေးကမ်းမှုတို့ကိုထုတ်ဖော်ပြောဆိုကြလိမ့်မည်။ ထိုနောက်သူတို့သည်ဘေးဒဏ်ခုနစ်ပါးကျရောက်ချိန်တွင်ကြားဖျန်တွင်ကြားဖျန်ဖြေသူမရှိဘဲနှင့်ရပ်တည်နေနိုင်

ရန်အဆင်သင့်ဖြစ်နေကြမည်ဖြစ်သည်။

၅၇

"သန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းမည့်

အချိန်၊အင်အားကြီးသောကောင်းကင်တမန်သည်ကောင်းကင်မှဆင်း သက်၍ ဤကမ္ဘာမြေကြီးအတွက်ဆောင်ရွက်ရမည့်အမှုတော်ကိုနိဂုံး ချုပ်ရာတွင် တတိယကောင်းကင်တမန်နှင့်ပူးပေါင်းဆောင်ရွက်မည့် အချိန်ကိုအတိအကျပြောနိုင်စွမ်းကျွန်ုပ်၌မရှိပါ။ ကျွန်ုပ်တို့၏အမှာစကား မှာ၊ ကျွန်ုပ်တို့၏တစ်ခုတည်းသောလုံခြုံမှုသည် ကျွန်ုပ်တို့၏မီးခွက် များကိုပြင်ဆင်ထွန်းညှိထားလျက်ကောင်းကင်မှဝိညာဉ်၏အင်သစ် အားသစ်သွန်းလောင်းမှုကိုခံယူရန်အတွက် အသင့်ပြင်ဆင်ပြီးဖြစ်နေ ခြင်းဖြစ်သည်။”

ဘုရားသခင်၏ကျွန်ပုရောဖက်မကြီးသည်သန့်ရှင်းသော ဝိညာဉ်တော်သွန်းလောင်းမည့်အချိန်ကိုအတိအကျဖေါ်ပြခြင်းမရှိသော် လည်းဒုက္ခရောက်ချိန်စစတင်သောအခါ၊ ဗနာက်မိုး၊ သို့မဟုတ်ထာဝရ ဘုရားထံတော်မှချမ်းအေးသောအချိန်ကာလသည်ရောက်ရှိလာလိမ့် မည်ဖြစ်ကြောင်းဖြင့်သူမဆိုပါသည်။ ဤအချိန်ကာလသည် ဘေးဒဏ်များမကျဆင်းလာမီတိုတောင်းသည့်ဒုက္ခရောက်သောအချိန် ကာလဖြစ်သည်။ လူမျိုးရှိသမျှသည်အတန်းအစားနှစ်မျိုး(သားရဲတံ ဆိပ်ကိုလက်ခံရရှိသောသူတို့နှင့် မိမိတို့နဖူးများ၌ဘုရားသခင်၏နာမ တော်ရှိသောသူတို့) ကွဲပြားသွားသောအခါ ကျွန်ုပ်တို့သည်ထိုအချိန် နှင့်နီးကပ်နေပြီဖြစ်သည်။

သားရဲ၏တံဆိပ်

“အမေရိကန်ပြည်ထောင်စုမှ ရှေ့တန်းခရစ်ယာန် အသင်းတော်များသည်မိမိတို့အယူအဆခြင်းတူညီသောသြဝါဒများတွင် ပူးပေါင်း၍သူတို့ထုတ်ဆင့်သောအမိန့်များကိုအတည်ပြုစေပြီး သူတို့ တည်ထောင်သောအဖွဲ့အစည်းများကိုထောက်ခံစေရန် ပြည်ပိုင်အစိုးရ



ကိုသြဇာလွှမ်းမိုးကြိုးကိုင်နိုင်သောအခါ ပရိုတက်စတင့်ဂိုဏ်းကြီးစိုးမိုး သောအမေရိကန်ပြည်သည် ရောမဗရင်ဂျီအသင်း၏ရုပ်တုကိုဖန်တီး ပြီဖြစ်၍ ထိုအမိန့်များကိုလွန်ဆန်သောသူတို့အားပြစ်ဒဏ်ပေးမှုများ မုချဖြစ်ပျက်လာလိမ့်မည်။”

“အတိတ်ကာလမှ လူမျိုးအစဉ်အဆက်တို့သည် တနင်္ဂနွေနေ့ကိုကျမ်းစာမပြောဆိုထားသောဥပုသ်နေ့ဖြစ်သည်ဟူ သောယူဆချက်ဖြင့် ထိုနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းခဲ့ကြသည်။ ယခုအခါတွင်ခရစ်ယာန်အသင်းတော်တိုင်း၌ သစ္စာရှိသောခရစ်ယာန် များသည်ရောမဗရင်ဂျီအသင်းတော်၏ပွဲတော်မင်္ဂလာကိုမခံယူဘဲ တနင်္ဂနွေနေ့ကိုဘုရားသခင်ခန့်အပ်သောဥပုသ်နေ့ဖြစ်သည်ဟု ရိုးသား စွာယုံကြည်ကြသည်။ သူတို့၏ရိုးဖြောင့်မှုကိုလက်ခံတော်မူသည်။ သို့ရာတွင်တနင်္ဂနွေနေ့အား ဥပုသ်နေ့စောင့်ထိန်းခြင်းကိုဥပဒေ ဖြင့်ပြဋ္ဌာန်းသောအခါ မှန်ကန်သောဥပုသ်နေ့စောင့်ထိန်းခြင်းနှင့်ပတ်

သက်၍ ကမ္ဘာကြီးသည် အလင်းတရားကိုရရှိလိမ့်မည်။ ထိုနောက် ဘုရားသခင်၏အမိန့်တော်ကိုလွန်ဆန်၍ ရောမမြို့မှထုတ်ဆင့်သော အမိန့်သာဖြစ်သော ဥပဒေပညတ်ကိုနာခံလျှင် ဘုရားသခင့်နေရာတွင် ဗရင်ဂျီဘာသာဝါဒကိုဂုဏ်ပြုရာရောက်လိမ့်မည်။ သူသည်ရောမဗရင်ဂျီကိုလည်းကောင်း၊ ၎င်းဂိုဏ်းက စီမံခန့်ခွဲထားသောအဖွဲ့အစည်းတစ်ခုကိုလည်းကောင်း၊ ဂါရဝပြုနေခြင်းဖြစ်သည်။ ထိုသူသည်သားရဲနှင့်သားရဲ၏ရုပ်တုကို ကိုးကွယ်နေသည်။ ကိုယ်တော့်ဩဇာအာဏာ၏အထိမ်းအမှတ်ဟု ကြေညာထားသောအဖွဲ့အစည်းကိုလူသည်ငြင်းပယ်၍ ၎င်းအစားရောမဗရင်ဂျီကသူ့ဩဇာအာဏာကြီးမားမှု အထိမ်းအမှတ်အနေဖြင့် ရွေးချယ်ထားသောအရာကို ဂုဏ်ပြုလျှင် ထိုသို့ပြုလုပ်ခြင်းအားဖြင့်သူတို့သည်သားရဲတံဆိပ်ဖြစ်သော ရောမဗရင်ဂျီ၏



သစ္စာတော်ခံအထိမ်းအမှတ်ကိုလက်ခံခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်နှင့်လူ့ပညတ်တစ်ခုခုကိုလက်ခံခြင်းဖြစ်သည်။ ဘုရားသခင်၏ပညတ်တော်နှင့်လူ့ပညတ်တစ်ခုခုကိုရွေးယူလိုက်နာရန် ၎င်းကိစ္စကိုဤနည်းအားဖြင့်လူထုအားပြတ်ပြတ်သားသားတင်ပြဟောပြောခြင်းမရှိသေးမီတိုင်အောင်အပြစ် ကိုဆက်လက်၍ ပြုလုပ်နေကြသောသူတို့သည်သားရဲတံဆိပ်ကိုရွေးချယ်ကြမည်ဖြစ်သည်။”

“ပရိုတက်စတင်ဂိုဏ်းသည်ရောမဗရင်ဂျီ၏လက်ကိုဆွဲကိုင်ထားရန် ၎င်း၏လက်ကိုချောက်ကမ်းပါးတစ်ဖက်သို့ကမ်းလှမ်းသောအခါ၊ ၎င်းအပြင်နတ်ဝိဇ္ဇာအတတ်ကိုပိုက်ဖက်ထားရန် ချောက်တစ်ဖက်သို့လက်လှမ်းသောအခါ ဤသုံးဦးပေါင်းဖက်မှုမှ ပေါ်ထွက်လာသောဩဇာအာဏာကိုအသုံးပြုလျက် အမေရိကန်ပြည်ထောင်စုသည် ပရိုတက်စတင်ဂိုဏ်းနှင့်သမ္မာတနိုင်ငံအစိုးရအနေဖြင့်ရေးဆွဲလိုက်နာကျင့်သုံးနေကာ ၎င်း၏အုပ်ချုပ်ရေးအခြေခံဥပဒေ၌ဖေါ်ပြပါရှိသောအခြေခံမငတိုင်းကိုငြင်းပယ်၍ပုပ်ရဟန်းမင်းကြီး၏မုသားစကားများနှင့်မိစ္ဆာဝါဒများကိုပျံ့နှံ့တိုးပွါးလာစေရန်စီမံလျှင် စာတန်၏အံ့ဖွယ်သောအမှုတို့ကိုပြုလုပ်ချိန်ရောက်လာခြင်းနှင့်အမှုကုန်ဆုံးချိန်နီးကပ်လာခြင်းကိုကျွန်ုပ်တို့သိရှိနိုင်ကြသည်။”

“အမေရိကန်ပြည်ထောင်စုတွင်တနင်္ဂနွေနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းရမည်။ ထိုနေ့၌ရောင်းဝယ်ဖေါက်ကားမှုလုံးဝမရှိရဆိုသောပညတ်တိုပကိုအတည်ပြုလျှင် သားရဲနှင့်သူ၏ရုပ်တုကိုကိုးကွယ်ရမည်ဆိုသောဥပဒေပညတ်ကိုအတည်ပြုခြင်းသာဖြစ်လိမ့်မည်။”

ဤအဖြစ်အပျက်သည်ဗာဗုလုန်မြို့ကြီးပြိုလဲခြင်း၏အထိမ်းအမှတ်ဖြစ်လိမ့်မည်။

ဤကိစ္စသည်မုချပေါ်ထွက်လာမည့်ကိစ္စဖြစ်သည်။ သားရဲနှင့်

၆၀
သူ၏ရုပ်တုကိုကိုးကွယ်ခြင်းအတွက်ဘုရားသခင်၏တစ်ခုတည်းသော ဖြေမှာ၊ လူ့ဝိညာဉ်၌ဘုရားသခင့်ပုံသဏ္ဍာန်တော်ကိုပြန်လည်သွတ်သွင်းခြင်းနှင့်ကာယကံရှင်၏ဘဝအသက်တာတွင် ၄င်းသွတ်သွင်းထားသောပုံသဏ္ဍာန်တော်ကိုပြန်၍ထင်ပေါ်စေခြင်းဖြစ်သည်။

စုံစမ်းမည့်ကာလသည်အလျင်အမြန်နီးကပ်လာချေပြီ။ ၄င်းကိုရင်ဆိုင်ရန်ယခုအချိန်တွင်ကျွန်ုပ်တို့သည်ပြင်ဆင်ထားရမည်ဖြစ်သည်။

"ဘုရားသခင်၏ပညတ်တော်နေရာတွင်လူ့ဥပဒေတို့ကိုအစားထိုးသွတ်သွင်းခြင်း၊ လူ့အာဏာဖြင့်သာကျမ်းစာ၌ဖေါ်ပြပါရှိသောဥပုသ်နေ့အစားတနင်္ဂနွေနေ့ကိုချီးမြှောက်ခြင်းစသည်တို့သည်အစီအစဉ်အလိုက်ဖြစ်ပျက်မည့်အကြောင်းအရာများတွင်နောက်ဆုံးအဖြစ်အပျက်ဖြစ်သည်။"

"အမေရိကန်ပြည်ထောင်စုမှနိုင်ငံသူနိုင်ငံသားများသည်အကျိုးထူးခံစားသောသူများအနေဖြင့်ရပ်တည်ခဲ့သည်။ သို့ရာတွင်သူတို့သည်ဘာသာရေးလွတ်လပ်မှုကိုချုပ်ချယ်၍ပရိုတက်စတင်ဂိုဏ်းဝါဒကိုစွန့်ပစ်လျက်ဗရင်ဂျီဘာသာကိုထောက်ခံအားပေးပြုလုပ်လျှင်သူတို့အပြစ်၏အတိုင်းအတာသည်ပြည့်လျှံလာ၍အမျိုးသားဆိုင်ရာဘာသာရေးဖေါက်ပြန်မှုကိုကောင်းကင်စာစောင်များတွင်မှတ်သားထားခြင်းခံရလိမ့်မည်။ ဤဘာသာရေးဖေါက်ပြန်မကြောင့်တစ်မျိုးလုံးဆိုင်ရာပျက်စီးမှုကိုရင်ဆိုင်ကြရလိမ့်မည်။"

"ဘာသာရေးဆိုင်ရာလွတ်လပ်မှုရှိသောအမေရိကန်ပြည်ထောင်စုသည်ဗရင်ဂျီဘာသာနှင့်ပူးပေါင်း၍လူတို့၏အသိစိတ်ကိုချုပ်ချယ်လျက် မှားယွင်းသောဥပုသ်နေ့ကိုအတင်းအကျပ်စောင့်ထိန်းခိုင်းသောအခါ ကမ္ဘာတစ်ဝှမ်း၌ရှိသောတိုင်းပြည်တိုင်းမှလူတို့သည်အမေရိကန်၏စံနမူနာအတိုင်းလိုက်နာဆောင်ရွက်ကြလိမ့်မည်။"

၆၁
"တိုင်းတစ်ပါးမှနိုင်ငံသားများတို့သည် အမေရိကန်ပြည်ထောင်စု၏စံနမူနာကိုလိုက်နာဆောင်ရွက်ကြလိမ့်မည်။ အမေရိကန်ပြည်ထောင်စုက ဦးစီးခေါင်းဆောင်ပြုသော်လည်း ၄င်းအရေးကြီးကြုံကာလမျိုးကိုတစ်ကမ္ဘာလုံး၌ရှိသောကျွန်ုပ်တို့၏အသင်းဝင်တို့သည်ရင်ဆိုင်ကြရမည်။"

"နံဝိညာဉ်နှင့်ဆက်သွယ်မှုပြုသူများကတနင်္ဂနွေကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းခြင်းကိုငြင်းဆန်သောသူတို့သည် လမ်းမှားနေသည်ကိုအမှားထင်ရှားအောင်ပြသရန် ဘုရားသခင်ကသူတို့အားစေလွှတ်လိုက်သည်ဟုဆိုလျက် တိုင်းပြည်၏ဥပဒေများကိုဘုရားသခင်၏ပညတ်တော်အနေဖြင့်နာခံရမည်ဟုအဆိုပြုကြလိမ့်မည်။ သူတို့သည်

ကမ္ဘာပေါ်၌ဆိုးသွမ်းမှုများအနံ့အပြားဖြစ်ပျက်နေသည်ကို ညည်းတွား
ပြောဆို၍ဘာသာရေးဆိုင်ရာသင်ကြားပြသသောသူတို့ကိုထောက်ခံ
လျက်စာရိတ္တမဏ္ဍိုင်ပျက်ပြားမှုသည် တနင်္ဂနွေနေ့ဥပုသ်ကိုကိုရှုတ်ချမှု
ကြောင့်ဖြစ်ပျက်ကြောင်းဖြင့်အဆိုပြုကြလိမ့်မည်။ သူတို့၏သက်သေခံ
ချက်ကိုလက်ခံရန်ငြင်းဆန်သောသူတို့တစ်ဖက်၌ ဒေါသအမျက်ပြင်းထန်
စွာထါက်စေရန်လှုံ့ဆော်ပေးကြလိမ့်မည်။”

“ခရစ်ယာန်အသင်းတော်သည်မြို့ပြဆိုင်ရာအာဏာ
ပိုင်တို့၏အကူအညီကိုရယူရန်အရေးဆိုရာတွင် ဗရင်ဂျီဂိုဏ်းသားများ
နှင့်ပရိုတက်စတင်ဂိုဏ်းသားများတို့သည် ပူးပေါင်းဆောင်ရွက်ကြလိမ့်
မည်။ တနင်္ဂနွေနေ့ကိုဥပုသ်နေ့အဖြစ်စောင့်ထိန်းရန်အတည်ဖြစ်စေမည့်
လှုပ်ရှားမှုသည်ပိုမိုရဲတင်းပြတ်သားလာလျှင် ၄င်းဥပဒေပညတ်အရ
ပညတ်တော်စောင့်ထိန်းသူများကိုဆန့်ကျင်ဘက်ပြုလာလိမ့်မည်။ သူတို့
အားဒဏ်ရိုက်ခြင်း၊ ထောင်တွင်းအကျဉ်းထားခြင်း စသောခြိမ်းခြောက်
မှုများကိုပြု၍ အချို့သောသူတို့အားဩဇာအာဏာရှိသောရာထူးဌာနန္တရ



ပေးကမ်းခြင်းဖြင့်လည်းကောင်း၊ အခြားသူများဆုလာဘ်များနှင့်အထူး
အကျိုးခံစားခွင့်များပေးကမ်းခြင်းဖြင့်လည်းကောင်း သူတို့၏ဘာသာ
ရေးယုံကြည်မှုကိုစွန့်လွှတ်စေရန်ကြိုးပမ်းလိမ့်မည်။”

## ကြီးစွာသောစုံစမ်းခြင်း

“ဘုရားသခင်၏ပညတ်တော်ကိုအဓိပ္ပါယ်ကင်းမဲ့
အောင်ပြုလုပ်သောအခါ အသင်းတော်သည်ပြင်းထန်သောစုံစမ်းခြင်း
များဖြင့်ဆန်ခါချခြင်းခံရ၍ ယခုကျွန်ုပ်တို့ကြိုတင်သိမြင်သည်ထက် ပိုမို
များပြားသောအသင်းသူအသင်းသားတို့သည်ဖြားယောင်းသွေးဆောင်
သောနံဝိညာဉ်များနှင့်နတ်ဆိုးတို့၏ဩဝါဒများကိုအလေးဂရုပြုကြလိမ့်
မည်။”

“ညီအစ်ကိုတို့၊ သင်တို့ကိုယ်တိုင်၏ကယ်တင်ခြင်းနှင့်၏
အခြားသောသူတို့၏ကံကြမ္မာသည်ကျွန်ုပ်တို့ရင်ဆိုင်ရမည့်စုံစမ်းခြင်း
အတွက်ယခုအချိန်၌ သင်တို့ပြုလုပ်သောပြင်ဆင်မှုပေါ်တွင်အမှီတံကဲ
ပြုသည်ကိုသိကြပါ၏လော။”

နောက်ဆုံးအပိုဒ်၊ ပထမအပိုဒ်နှင့် ရော၊
၈း၁၄) ကိုပြန်လည်ကြည့်ပါ။

“စုံစမ်းရာကာလမပိတ်မီ သားရဲ၏ရုပ်တုကိုပြုလုပ်
မည်ဖြစ်ကြောင်း ထာဝရဘုရားသခင်ကကျွန်ုပ်အားရှုပါရုံတွင်ပြပါ
သည်။ အဘယ်ကြောင်းဆိုသော် ၄င်းသည်ဘုရားသခင့်လူတို့၏ထာဝရ
ကံကြမ္မာကိုအဆုံးအဖြတ်ပြုရာတွင် ကြီးမားသောစုံစမ်းခြင်းအနေဖြင့်
ရပ်တည်နေသည်။”

"လေမုန်တိုင်းသည်နီးကပ်လာသောအခါ တတိယ ကောင်းကင်တမန်၏ သတင်းစကားကိုယုံကြည်ပါသည်ဆိုသော်လည်း

၆၃

သမ္မာတရားကိုနာခံခြင်းအားဖြင့်သန့်ရှင်းခြင်းသို့မရောက်ရှိသည့်အများ သောသူတို့သည်သူတို့၏ လက်ရှိအခြေအနေကိုစွန့်ပစ်၍ အတိုက်အခံ လုပ်သောသူတို့ဘက်သို့ပါဝင်သွားကြသည်။"

ငင်းအချိန်သည်စာတန် ကခရစ်တော်ယောင်ဆောင်သောအချိန် ဖြစ်နိုင်သည်။ ၃ယ ၆၂၂ယ၆၂၅ ကိုဖတ်ကြည့်ပါ။

"နောက်ဆုံးကာလတွင်သူ(စာတန်)သည်မုသားနှင့် စပ်ဆိုင်သည့်ထူးဆန်းသောတန်ခိုးနိမိတ်လက္ခဏာ၊ အံ့ဖွယ်သောအမှု အမျိုးမျိုးတို့ကိုပြုလုပ်ပြသလိမ့်မည်ဖြစ်ကြောင်း ကျွန်ုပ်တို့အားသတိ ပေးထားသည်။သူသည်မှောင်မိုက်မဟုတ်ဘဲအလင်းယောင်ဆောင်သော ကောင်းကင်တမန်ဖြစ်ကြောင်းအထောက်အထားအနေဖြင့်ညွှန်ပြနိုင်ရန် ထိုအံ့ဖါယ်သောအမှုအမျိုးမျိုးတို့ကိုစုံစမ်းရာကာလပိတ်သွားသောအချိန် တိုင်အောင်ဆက်လက်၍ပြုလုပ်ပြသလိမ့်မည်ဖြစ်သည်။"

"ဤအချိန်၌အသင်းတော်ထဲတွင်ရွှေကိုချေးညှော်မှခွဲ ထုတ်လိမ့်မည်ဖြစ်သည်။ မှန်ကန်သောဘုရားတရားရှိသေကိုင်းရှိုင်း မှုကိုဘုရားတရားမြဲဟန်လက္ခဏာရှိခြင်းနှင့်အယောင်ဆောင်မှုမှခွဲခြား ထားလိမ့်မည်။ အရောင်တောက်ပမှုကြောင့် ကျွန်ုပ်တို့အားအံ့သြချီး ကျူးခဲ့ကြသောကြယ်တံခွန်ထမ်းသောလူတော်လူကောင်းတို့သည် မှောင်မိုက်ထဲသို့ကျရောက်ပျောက်ကွယ်သွားကြမည်။"

"စုံစမ်းခြင်းကိုရင်ဆိုင်ရသောအချိန်တွင်ဖေါက်ပြန် သွားသောသူတို့သည် သူတို့၏ လုံးခြုံမှုအတွက်မမှန်သောသက်သေကို ခံ၍သူတို့၏ ညီအစ်ကိုတော်များပေါ်သစ္စာဖေါက်ကြလိမ့်မည်။ အလင်းတရားကိုငြင်းပယ်သောသူတို့၏ သဘာဝလည်းမကျ၊ ရက်လည်းရက်စက်သောလမ်းစဉ်အတွက်အံ့သြခြင်းမရှိစေရန် ခရစ် တော်ကဤကိစ္စနှင့်ပတ်သက်၍သတိပေးထားပြီးဖြစ်သည်။"

၆၄

နောက်မိုးနှင့်အသံကျယ်သောကြွေးကြော်သံ

"ကမ္ဘာမြေကြီးပေါ်သို့ဘုရားသခင်၏ ပြစ်ဒဏ်စီရင် ချက်များ နောက်ဆုံးအကြိမ်မရောက်ရှိလာမီ ဘုရားသခင်၏ လူတို့ တွင်တမန်တော်များလက်ထက်မှစ၍ တစ်ခါမျှမတွေ့မြင်ဖူးသည့် ရှေးဆန်သောဘုရားတရားကြည်ညိုမှုမျိုးပြန်လည်ထက်သန်လာလိမ့် မည်။ဝိညာဉ်တော်နှင့်ဘုရားသခင်၏ တန်ခိုးတော်ကို ကိုယ်တော်၏ သားသမီးများအပေါ်သို့သွန်းလောင်းတော်မူမည်။"

"ဒုက္ခရောက်ရာကာလအစတွင် ကျွန်ုပ်တို့သည်ဥပုသ်နေ့အကြောင်းကိုပြည့်စုံကုံလုံစွာသွားရောက်ကြေညာဟောပြောကြသောအခါ ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်နှင့်ပြည့်ဝလျက်ရှိကြလိမ့်မည်။"

"ဤနေရာတွင်ဖေါ်ပြပြောဆိုထားသောဒုက္ခရောက်ရာကာလအစဆိုသည်မှာ၊ ဘေးဒဏ်များကိုစတင်သွန်းလောင်းသောအချိန်ကိုကိုးကားထားသည်မဟုတ်ဘဲ ခရစ်တော်သည်သန့်ရှင်းရာဌာနတော်၌ရှိနေစဉ် ၄င်းဘေးဒဏ်များကိုမသွန်းလောင်းမီ တိုတောင်းသောအချိန်ကိုကိုးကားထားခြင်းသာဖြစ်သည်။ ထိုအချိန်တွင်ကယ်တင်ခြင်းအလုပ်ကိုပိတ်လျက်ရှိစဉ် မြေကြီးပေါ်တွင်ဒုက္ခကျရောက်လာဆဲဖြစ်၍ လူမျိုးတကာတို့သည်အမျက်ထွက်နေကြသော်လည်း တတိယကောင်းကင်တမန်၏လုပ်ငန်းကိုနှောင့်ယှက်မှုမရှိစေရန် ၄င်းအမျက်ဒေါသကိုချုပ်တည်းထားစေတော်မူမည်။ ထိုအချိန်တွင်တတိယကောင်းကင်တမန်၏အသံကျယ်သောကြွေးကြော်သံကို တန်ခိုးအာနိသင်နှင့်ပြည့်ဝစေရန်လည်းကောင်း၊ နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကိုသွန်းလောင်းသောအချိန်တွင် သန့်ရှင်းသောသူတို့ရပ်တည်နိုင်မှုအတွက်ပြင်ဆင်စေရန်လည်းကောင်း နောက်မိုးသို့မဟုတ်ထာဝရဘုရားအထံတော်မှချမ်းအေးသောကာလသည်ရောက်လာလိမ့်မည်။"

၆၅

"---ညဉ်းပန်းနှိပ်စက်မှုမုန်တိုင်းသည်ကျွန်ုပ်တို့ အပေါ်သို့ကျရောက်လာသောအခါ မှန်ကန်သောသိုးတို့သည်မှန်ကန်သောသိုးထိန်း၏အသံကိုကြားရကြလိမ့်မည်။ ပျောက်ဆုံးသောသူတို့ကိုကယ်တင်ရန် ကိုယ်ကျိုးမငဲ့သောစိတ်ငြင့်ကြိုးပမ်းကြလိမ့်မည်။ သိုးခြံတွင်းမှလမ်းလွဲသွားသည့်အများသောသူတို့သည်သိုးထိန်းကြီး၏နောက်တော်သို့လိုက်ရန်သိုးခြံတွင်းသို့ပြန်ဝင်ကြလိမ့်မည်။"---

"ခရစ်တော်အားချစ်ခြင်း၊ ခရစ်ယာန်ညီအစ်ကိုတော်ခြင်းကိုချစ်ခြင်းတို့က ကျွန်ုပ်တို့သည်အထက်ကယေရှုနှင့်အတူရှိခဲ့၍ ကိုယ်တော်၏သင်ကြားမှုကိုခံခဲ့သူများဖြစ်သည်ကို ကမ္ဘာကြီးအားသက်သေခံလိမ့်မည်။ ထိုနောက်ကောင်းကင်တမန်၏သတင်းစကားသည်အသံကျယ်သောကြွေးကြော်သံ၏အသွန်ကိုဆောင်လက် ကမ္ဘာကြီးတစ်ခုလုံးသည်ထာဝရဘုရား၏ဘုန်းတော်ဖြင့်ထွန်းလင်းလျက်ရှိနေမည်။"

"အလင်းရောင်ကြီးတစ်ခုသည်သူတို့အပေါ်၌ဆင်းသက်ရပ်နားနေသည်ကို ကျွန်ုပ်တို့တွေ့မြင်ရသည်။ သူတို့သည်လည်းတတိယကောင်းကင်တမန်၏ သတင်းစကားကိုကြောက်ရွံ့သောစိတ်ကင်းမဲ့စွာဖြင့်ကြွေးကြော်စည်းလုံးညီညွတ်လျက်ရှိနေကြမည်။"

"ဘုရားသခင်၏ဘုန်းတန်ခိုးသည် သည်းခံ၍စောင့်ဆိုင်းနေသည့်သန့်ရှင်းသောသူတို့အပေါ်၌ရပ်တည်နေသဖြင့် သူတို့သည်

ကြောက်ရွံ့သောစိတ်ကင်းမဲ့စွာဖြင့်အရေးကြီးသောနောက်ဆုံးသတိ
ပေးသတင်းစကားကို ဟောပြောကြလိမ့်မည်။ ဗာဗုလုန်မြို့ကြီးပြိုလဲ
ကြောင်းကိုကြွေးကြော်လျက် ဘုရားသခင်၏လူတို့အားထိုမြို့၏
ကြောက်မက်ဖွယ်သောပြစ်ဒဏ်စီရင်မှုနှင့်ကင်းလွတ်ရန် ထွက်လာကြ
ဖို့ခေါ်ထုတ်လိမ့်မည်။"

"ဘုရားသခင်၏အမှုထမ်းတို့သည် အထက်အရပ်မှရရှိသော



တန်ခိုးဖြင့်လည်းကောင်း၊ သူတို့၏မျက်နှာများသည်ထွန်းလင်းလျက်
လည်းကောင်း၊ သန့်ရှင်းသောဆက်ကပ်မှုဖြင့်တာက်ပလျက်လည်း
ကောင်း ကောင်းကင်မှသတင်းစကားကိုဟောပြောကြွေးကြော်ရန်
ထွက်သွားကြသည်။ ဘာသာရေးဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့တွင်
ကွဲလွန့်ငနေကြသောသူတို့သည် ခေါ်တော်မူသံကိုနားထောင်ကြ၍
သောဒုံမြို့ကြီးမပျက်စီးမီလောတသည်ထိုမြို့မှရေးကြီးသုတ်ပျာ
ထွက်လာကြသကဲ့သို့ အဖိုးထိုက်တန် သောသူတို့သည်ပြစ်ဒဏ်
စီရင်ခြင်းခံရသောအသင်းတော်များမှ ထွက် လာကြမည်။" (ယ
၆၁၂ ကိုဖတ်ပါ)။

"ဤနည်းအားဖြင့်တတိယကောင်းကင်တမန်၏
သတင်းစကားကိုကြွေးကြော်လိမ့်မည်။ အကြီးမားဆုံးတန်ခိုးအာနိသင်
ဖြင့် ၄င်းသတင်းစကားကိုဟောပြောကြွေးကြော်ရမည့်အချိန်ရောက်
ရှိလာသောအခါ ထာဝရဘုရားသခင်သည်စိတ်နှိမ့်ချသောသူ
တို့အားဖြင့်အမှုတော်ကိုဆောင်ရွက်လျက်ကိုယ်တော်၏အမှုတော်ကို
ဆောင်ရွက်မှုအတွက်မိမိတို့ကိုယ်ကို ကိုယ်တော်အားဆက်ကပ်ကြသော
သူတို့ကိုကိုယ်တော်သည်ရှေ့ဆောင်လမ်းပြပြုတော်မူသည်။ လုပ်ဆောင်
သောသူတို့သည် စာပေသင်ကြားရဌာနများ၏ သင်ကြားပေးမှုထက်
သန့်ရှင်းသောဝိညာဉ်တော်၏သွန်သင်မှုအားဖြင့် အရည်အချင်းပြည့်စုံ
သောသူများဖြစ်လာကြမည်။ ယုံကြည်ခြင်းရှိသောသူ၊ ဆုတောင်း
ပတ္ထနာအမြဲပြုသောသူတို့သည် သန့်ရှင်သောဖွဲ့သတ္တိဖြင့်ချီတက်၍
ဘုရားသခင်ပေးတော်မူသောစကားများကိုကြေညာဖြန့်ချိရန်ဝိညာဉ်၏
တော်၏အနိုင်အထက်သွေးဆောင်မှုကိုခံရကြလိမ့်မည်။ ဗာဗုလုန်မြို့
၏ဒုစရိုက်တို့သည် ဖူးပေါ်သလိုပေါ်လာလိမ့်မည်။ အသင်းတော်က
သိမှတ်လိုက်နာသောအရာများကိုအုပ်ချုပ်ရေးအာဏာပိုင်များတို့၏
ဩဇာအားကိုးဖြင့် အဓမ္မကျင့်သုံးနိုင်းမှုကြောင့် ပေါ်ထွက်လာသည့်



ကြောက်မက်ဖွယ်သောအဖြစ်အပျက်များ၊ မှော်ဝိဇ္ဇာအတတ်ပညာက
အသင်းတော်အတွင်း ဝင်ရောက်လာခြင်း၊ ပုပ်ရဟန်းမင်းကြီးတန်
ခိုးအာဏာလျှို့ဝှက်စွာဖြင့်လည်းကောင်း၊ လျင်မြန်စွာဖြင့်လည်းကောင်း

တိုးတက်လာခြင်းစသောအဖြစ်အပျက်အားလုံးတို့သည်ပေါ်လွန်လာမည်ဖြစ်သည်။ ၎င်းအဖြစ်အပျက်များကိုဖော်ထုတ်လိုက်သောစကားများကို မကြားဖူးသေးသည့်ထောင်သောင်းမကသောသူတို့သည်နားထောင်ကြ၍ လိမ့်မည်။"

"လူတို့သည်သန့်ရှင်းသောဝိညာဉ်တော်၏အုပ်ထိန်းမှုကို လက်ခံကြသောအခါ ဘုရားသခင်သည်ထိုကဲ့သို့အင်အားကြီးစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်တော်မူသည်။"

တစ်ကမ္ဘာလုံးသို့ထွန်းလင်းစေမည့်လင်းရောင်ခြည်ဖြင့် အသင်းတော်၏အမှုတော်ပြီးဆုံးမည့်အချိန်သည်ယခုအချိန်ဖြစ်သည်။

"---လျှပ်စစ်ပြက်ခြင်း၏လျှင်မြန်ခြင်းသည် ဤအမှုတော်နောက်ဆုံးပြီးမြောက်ခြင်းကိုပုံဆောင်သည်။"

"အခြေအနေတစ်ခုလုံးသည်ဘုရားသခင်၏လက်တော်ထဲ၌ရှိသည်ကိုဖော်ပြသောအဖြစ်အပျက်တစ်ခုပြီးတစ်ခုဖြစ်ပျက်လိမ့်မည်။"

ရော၊ ၉း၂၈။ "ထာဝရဘုရားသည်မြေကြီးပေါ်မှာစကားတော်ကိုအတည်ပြု၍အလျင်အမြန်လက်စသတ်တော်မူလိမ့်မည်။"

"ကိုယ်တော်၏လမ်းခရီးတော်ကိုပြင်ဆင်ရန်ခရစ်တော်၏ဖြောင့်မတ်ခြင်းပါရမီကို ကမ္ဘာတစ်စွန်းမှအခြားတစ်စွန်းတိုင်အောင်ဟောပြောရမည်။ တတိယကောင်းကင်တမန်၏အမှုတော်ကိုလက်စသတ်မည့်အရာသည်ဘုရားသခင်၏တန်ခိုးတော်ဖြစ်သည်။"

၆၈

"တောင်ပေါ်၌ဟောတော်မူသောမင်္ဂလာတရားတော်တွင်ပြန်လည်ပဲ့တင်ရိုက်ခဲ့သည်။ ဧဝံဂေလိပုရောဖက်မှတစ်ဆင့်ဟောကြားတော်မူသောခရစ်တော်၏တရားတော်များသည် ဤနောက်ဆုံးလူမျိုးအစဉ်အဆက်၌ ရပ်တည်နေကြသော ကျွန်ုပ်တို့အတွက်ဖြစ်သည်။"ထလော့၊လင်းလော့၊ သင်၏အလင်းရောက်လာပြီ။ထာဝရဘုရား၏ဘုန်းတော်သည်သင်၏အပေါ်မှာထွန်းလင်းလျက်ရှိ၏။ (ဟေရှာ၊ ၆၀း၁)---လူတစ်သောင်းတို့တွင် အထွတ်အမြတ်ဖြစ်၍နှစ်သက်ဖွယ်သောလက္ခဏာနှင့်လုံးလုံးပြည့်စုံသော ကိုယ်တော်၏အလှကိုသင်တွေ့မြင်ခဲ့လျှင် ကိုယ်တော်၏ဘုန်းတန်ခိုးတော်ဖြင့် သင်၏ဝိညာဉ်သည်ရောင်ခြည်ကွန့်မြူးနေလျှင် သင့်ထံသို့ဤကိုယ်တော်၏မင်္ဂလာတရားတော်များကိုပို့ပေးလိုက်ခြင်းဖြစ်၏။"

"ကိုယ်တော့်ဘုန်းတန်ခိုးတော်၏လင်းရောင်ခြည်၊ ကိုယ်တော်၏ကောင်းမြတ်ခြင်း၊ ကရုဏာတော်နှင့်သမ္မာတရားတော်၏လင်းရောင်ခြည်ကို ဤကမ္ဘာကြီး၏မှောင်မိုက်ထဲသို့ထွန်းလင်းစေရမည်။"

"တတိယကောင်းကင်တမန်၏သတင်းစကားတော်

နိဂုံးချုပ်သွားမည့်အချိန်ကိုကျွန်ုပ်တို့အားပြသတော်မူသည်။ ဘုရားသခင်၏တန်ခိုးတော်သည်ကိုယ်တော်၏လူတို့အပေါ်သို့သက်ဆင်းရပ်တည်လျက်ရှိသည်။ သူတို့သည်သူတို့ထမ်းဆောင်ရမည့်အမှုတော်ကိုပြီးဆုံးအောင်ဆောင်ရွက်ပြီးဖြစ်၍ သူတို့ရင်ဆိုင်ရမည့် ဒုက္ခရောက်သောအချိန်အတွက်ပြင်ဆင်မှုရှိနေသည်။ သူတို့သည်နောက်မိုးသို့မဟုတ်ထာဝရဘုရားအထံတော်မှချမ်းအေးသောအချိန်ကာလ(ဝါ)အားသစ်အင်သစ်သွန်းလောင်းမှုကိုရရှိပြီး၍ စိတ်ထက်သန်သောသက်သေခံမှုကိုလည်းပြန်လည်သက်ဝင်စေခဲ့လေပြီ။ နောက်ဆုံးသတိပေးချက်ကြီးကိုနေရာ



တကာတွင်ဟောပြောပြီး၍ ၄င်းသတိပေးချက်ကသတင်းစကားကိုလက်မခံသောကမ္ဘာသူကမ္ဘာသားတို့အားလှုံ့ဆော်၍အမျက်ထွက်စေလေပြီ။”

“ကမ္ဘာကိုလည်းကောင်း၊ ဇာတိပကတိကိုလည်းကောင်း၊ စာတန်ကိုလည်းကောင်းအောင်မြင်သောသူတို့သည်အသက်ရှင်သောဘုရားသခင်၏တံဆိပ်တော်ဖြင့်တံဆိပ်ခတ်ခြင်းကိုခံရမည်။ အလိုတော်နှင့်တွေ့သောသူများဖြစ်လိမ့်မည်။”

“ဒုက္ခရောက်ရာကာလကိုမရင်ဆိုင်မီကျွန်ုပ်တို့အားလုံးသည်အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ဖြင့်ခတ်နှိပ်ခြင်းကိုရရှိခဲ့ကြသည်။ ထိုနောက်မြေကြီး၏လေးမျက်နှာမှလေများကိုမတိုက်စေရန် ကိုင်ထားသောကောင်းကင်တမန်လေးပါးတို့သည်ကိုင်ထားသောလေတို့ကိုလက်လွှတ်လိုက်ပြီးဖြစ်သည်။ ကျွန်ုပ်တို့ကြည့်ရှုသောအခါငတ်မွတ်ခေါင်းပါးခြင်းဘေး၊ ကာလနာဘေးနှင့်ဲ်ါးဘေးများဖြစ်ပျက်ကျရောက်နေသည်ကိုလည်းကောင်း၊ ကမ္ဘာကြီးတစ်ခုလုံးသည်ရှုပ်ထွေးနေသည်ကိုလည်းကောင်းကျွန်ုပ်တို့တွေ့မြင်ရသည်။”

“---နောက်ဆုံးသောစုံစမ်းခြင်းကို ကမ္ဘာမြေကြီးပေါ်သို့ကျရောက်စေခဲ့ပြီဖြစ်၍ ကိုယ်တော်၏ပညတ်တော်များကိုသစ္စာရှိစွာစောင့်ထိန်းခဲ့ကြသောသူတို့သည်အသက်ရှင်တော်မူသောဘုရားသခင်၏တံဆိပ်ခတ်ခြင်းကိုခံခဲ့ကြရပြီဖြစ်သည်။ ထိုနောက်ယေရှုသည်အထက်အရပ်၌ရှိသောသန့်ရှင်းရာဌာနတော်၌မိမိ၏ကြားဖျန်ရေးလုပ်ငန်းကိုရပ်စဲထားလိုက်ပြီဖြစ်သည်။”

### စုံစမ်းရာကာလကုန်ဆုံးခြင်း

“ကောင်းကင်တမန်များတို့သည်လျင်မြန်စွာလူးလာဆန်ခတ်သွားနေကြသည်ကိုကျွန်ုပ်တွေ့မြင်ရသည်။နံဘေး၌မင်အိုး



ပါသောကောင်းကင်တမန်တစ်ပါးသည် မြေကြီးမှပြန်လာ၍ မိမိ၏အလုပ်ပြီးစီးကြောင်းကိုလည်းကောင်း၊ သန့်ရှင်းသောသူများကိုရေ

ထွက်၍သူတို့ကိုတံဆိပ်ခတ်ပြီးသည်ကိုလည်းကောင်း ယေရှုအားအစီရင်ခံလေပြီ။ ထိုနောက်ပညတ်တော်ဆယ်ပါးထည့်ထားသောသေတ္တာတော်ရှေ့တွင် ဖျန်ဖြေရေးလုပ်ငန်းကိုလုပ်ကိုင်နေသောယေရှုသည် နံ့သာပေါင်းထည့်၍ မီးရှို့ပူဇော်သောလင်ဗန်းကိုမိမိလက်ထဲမှအောက်သို့ပင်ချလိုက်တော်မူသည်။ ထိုနောက်လက်နှစ်ဖက်ကိုအထက်သို့မြှောက်လျက် ကျယ်သောအသံဖြင့် "အမှုပြီးပြီ" ဟု ကြွေးကြော်လိုက်တော်မူသည်။ မတရားသောသူသည် မတရားသဖြင့်ပြုစေဦး၊ ညစ်ညူးသောသူသည်ညစ်ညူးစေဦး၊ ဖြောင့်မတ်သောသူသည်ဖြောင့်မတ်ခြင်းတရားကိုကျင့်စေဦး၊ သန့်ရှင်းသောသူသည်သန့်ရှင်းစေဦးဟူသောအရေးကြီးသည့်ကြွေးကြော်သံကိုပြုတော်မူလိုက်သောအခါ ကောင်းကင်တမန်တို့ကသူတို့၏သရဖူများကိုချွတ်၍ချထားလိုက်ကြသည်။"---

"အသန့်ရှင်းဆုံးအခန်းမှယေရှုသည် ထွက်လာတော်မူသောအခါ မှောင်မိုက်တိမ်တိုက်ကြီးသည်ကမ္ဘာသူကမ္ဘာသားတို့ကိုဖုံးအုပ်လိုက်လေသည်။ ထိုအချိန်တွင်အပြစ်ရှိသောသူနှင့်ကျူးလွန်မှုခံရတော်မူသောဘုရားသခင်စပ်ကြားတွင်ကြားဖျန်ဖြေသူမရှိတော့ပြီ။"---

"ထိုနောက်ယေရှုသည်မိမိ၏ယဇ်ပုရောဟိတ်ဆိုင်ရာဝတ်ရုံကိုချွတ်၍ရှင်ဘုရင်ပီသစွာဝတ်စားဆင်ယင်ထားသည်ကိုကျွန်ုပ်တွေ့မြင်ရပါသည်။ကိုယ်တော်၏ဦးခေါင်းတော်ပေါ်တွင်ရှိသောသရဖူတစ်ခုထဲတွင်သရဖူအများကိုတွေ့မြင်ရပါသည်။ ကောင်းကင်တမန်ထုခြံရံလျက်ကိုယ်တော်သည် ကောင်းကင်မှထွက်ခွါသွားတော်မူသည်။ ဘေးဒဏ်များသည်မြေကြီးသားပေါင်းတို့အပေါ်သို့ကျဆင်းလာကြ



သည်။ အချို့သောသူတို့က ဘုရားသခင်ကိုရှုတ်ချပြောဆို၍ ကိုယ်တော်ကိုကျိန်ဆဲကြသည်။ အခြားသောသူတို့က ဘုရားသခင်၏လူတို့ထံသို့ပြေး၍ ကိုယ်တော်၏ပြစ်ဒဏ်စီရင်ခြင်းမှကင်းလွတ်ရန် မည်ကဲ့သို့ပြုလုပ်နိုင်ကြောင်း နည်းလမ်းပြရန်တောင်းပန်ပြောဆိုကြသည်။ သို့ရာတွင် သန့်ရှင်းသောသူများသည် သူတို့အတွက်ပြုလုပ်ပေးရန်ဘာမျှမတတ်နိုင်ကြ။ အပြစ်ပြုကြသောသူတို့အတွက် နောက်ဆုံးမျက်ရည်ကြီးယ်ကျခဲ့ပြီ၊ နောက်ဆုံးစိတ်ကြေကွဲသောပတ္ထနာကိုပြုခဲ့ပြီ၊ နောက်ဆုံးဝန်ထုပ်ကိုထမ်းခဲ့ပြီ၊ များစွာနောက်ကျပြီတကား၊ များစွာနောက်ကျပြီတကား။"

ဘေးဒဏ်များစတင်ကျဆင်းလာချိန်တွင် ထောင်သောင်းကမသောသူတို့သည် အချိန်ကောင်းအခွင့်ကောင်းရစဉ်က ပြုလုပ်လိုသော်လည်း ပြုလုပ်ရန်လစ်ဟင်းခဲ့သောအရာများတို့ကို ကျွန်ုပ်တို့သည်ယခုပင်ပြုလုပ်သင့်သည်မဟုတ်ပါလော။ ထိုဘေးဒဏ်များကျဆင်းလာသောအချိန်တွင် ထိမ်ချန်ခြင်းမရှိဘဲ မိမိကိုယ်ကိုဆက်ကပ်ရန်

လည်းကောင်း၊ သန့်ရှင်းသောဝိညာဉ်တော်၏နေ့စဉ်ဇတ္တိဖံခံရမှုအတါက် စိတ်ရောကိုယ်ပါဆုတောင်းရန်လည်းကောင်း နောက်ကျနေလိမ့်မည် မဟုတ်ပါလော။

ယခုအချိန်သည် အတ္တစိတ်ကိုပယ်၍ နောက်မိုးခ့ယူရရှိရန် အတွက် အမြန်ဆုံးပြင်ဆင်ရန်အချိန်ဖြစ်သည်။

"ကျွန်ုပ်တို့သည် သန့်ရှင်းသောဝိညာဉ်တော်ကိုရရှိမှသာ တန်ခိုးအာနိသင်ကိုရရှိမည်ဖြစ်ကြောင်း၊ ကျွန်ုပ်တို့သည် ဘာကြောင့် ထိုသန့်ရှင်းသောဝိညာဉ်တော်ကို ဆာငတ်ခင်မွတ်ခြင်းမရှိကြသနည်း၊ ဘာကြောင့်သန့်ရှင်းသောဝိညာဉ်တော်အကြောင်း ဆွေးနွေးပြောဆိုခြင်း မရှိကြသနည်း။ ဆုမတောင်းကြသန်ည်း။ ဟောပြောခြင်းမရှိကြသနည်း။"



"---အသင်းတော်၏ကိုယ်စားလှယ်တော်များ အနေ ဖြင့်ကျွန်ုပ်တို့သည်ကျေးဇူးတော်ပလ္လင်ရှေ့တော်၌ပျပ်ဝပ်လျက်အထက် အရပ်မှသန့်ရှင်းသောဝိညာဉ်တော်ကိုသွန်းလောင်းချပေးပါမည့် အကြောင်း ကြေကွဲကျိုးပဲ့သောစိတ်နှလုံးဖြင့်ဘာကြောင့်စိတ်ရောကိုယ် ပါမဆုတောင်းသင့်သနည်း။"

"လူတစ်စုအနေဖြင့်ကျွန်ုပ်တို့သည်ဘုရားသခင်၏ ရှေ့တော်၌စိတ်နှလုံးကိုနှိမ့်ချ၍သန့်ရှင်းသောဝိညာဉ်တော်ကိုပေးသနား တော်မူရန် ကိုယ်တော်ထံအသနားခံသင့်ကြသည်မဟုတ်ပါလော။"

"သန့်ရှင်းသောဝိညာဉ်တော်သည်သင်တို့နှင့်အတူ ရှိနေသင့်သည်ကိုမိနစ်တိုင်းမှုချသိမြင်ပါ။"---

"ရန်သူ၏ထောင်ချောက်တွင်ကျဆင်း၍ကျွန်ုပ်တို့၏အသက် ဝိညာဉ်သည်ဘေးသင့်နေမည်ကိုစိုးရိမ်ရသည့်အတွက်နေ့ရက်တိုင်၊ မိနစ်တိုင်းတွင် သန့်ရှင်းသောဝိညာဉ်တော်အားငြဖ့်သန့်ရှင်းစင်ကြယ် မှုကိုကျွန်ုပ်တို့လိုအပ်လှသည်။"

ကျွန်ုပ်တို့၏တာဝန်သည်တစ်နှစ်ပြီးတစ်နှစ်ဝိညာဉ်ပေါင်း မြောက်မြားစွာကိုကယ်တင်လျက် ဘုရားသခင်၏အမှုတော်ကိုဆက် လက်ဆောင်ရွက်နေခြင်းသာမဟုတ်ပေ။ သန့်ရှင်းသောဝိညာဉ်တော် ၏ကြီးမားသောတန်ခိုးတော်အားဖြင့်အမှုတော်ကိုလျင်မြန်စွာပြီး မြောက်စေရန်ကျွန်ုပ်တို့ကိုဘုရားသခင်အားအသုံးပြုခွင့်ပေးသင့်သော အချိန်သည်များစွာနှောင်းခဲ့လေပြီ။

"ယခအခါတွင် ကျွန်ုပ်တို့၌ပြင်းပြသောစိတ်အားထက် သန်မှုရှိသင့်ပေသည်။"

ဤအချိန်သည်အကြီးမားဆုံးသောအန္တရာယ်ရပ်တည်နေ သည့်အချိန်ဖြစ်သည်။

ဘေးဒဏ်ခနစ်ပါးကျရောက်လာသောအခါ တစ်ခုတည်းဆက်
လက်ကျန်ရစ်နေမည့်အရာမှာ သန့်ရှင်းသောအကျင့်စာရိတ္တဖြစ်သည်။
အရေးကြီးသောလိုအပ်ချက်။–ကျန်ကြွင်းသောအသင်းတော်
အတွက်အကြီးမားဆုံးသောလိုအပ်ချက်သည်အသင်းဦးရေ၊ တရားဟော
ဆရာဦးရေ၊ ငွေကြေးအရေအတွက်သို့မဟုတ်လုပ်ငန်းဆိုင်ရာအသုံး
အဆောင်ပစ္စည်းပစ္စယဦးရေများတိုးတက်များပြားလာခြင်းသာမဟုတ်။
ယခုခေတ်တွင်အကြီးမားဆုံးလိုအပ်ချက်သည်ဝိညာဉ်တော်နှင့်ပြည့်ဝ
သောအမျိုးသားများနှင့်အမျိုးသမီးများဖြစ်သည်။
ကျွန်ုပ်တို့၌ကြီးမားသောအဆောက်အဦကြီးများရှိသည်။
ကျွန်ုပ်တို့၌ကမ္ဘာပေါ်တွင်အမျိုးပေါင်းအစုံဆုံးဖြစ်သောစာ
ပေများရှိသည်။
ကျွန်ုပ်တို့၌ကမ္ဘာပေါ်တွင်အကြီးမားဆုံးအဖွဲ့အစည်းရှိသည်။
သို့ရာတွင်ဘုရားသခင်၏အမှုတော်ကိုအပြီးဆောင်ရွက်ရန်
ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏အသစ်သောဗတ္တိဇံကို
နေ့စဉ်ရရှိရမည်။
ကမ္ဘာ့သမိုင်းတွင်အရေးကြီးသောအချိန်ကာလ၏ကြီးမား
သောစိတ်ခေါ်ချက်ကိုမည်သူကခြွင်းချက်မရှိဘဲ တုံ့ပြန်မည်နည်း။

အန္တရာယ်ရှိသည်

"–––စာတန်သည်လူတို့ကိုဂရုမစိုက်သောအခြေအနေ
၌ချည်နှောင်ထားရန်မဖြစ်နိုင်လျှင် သူတို့ကိုတစ်ဖက်စွန်းဝါဒလမ်းစဉ်
ကျင့်သုံးစေရန် ကြိုးပမ်းလိမ့်မည်။"

"သန့်ရှင်းပါသည်ဟုအခိုင်အမာအဆိုပြု
ကြသောသူတို့သည် အမှန်အားဖြင့်သန့်ရှင်းမှုမရှိကြ။ ကောင်းကင်

၇၄

စာစောင်များတွင်သန့်ရှင်းသောသူအနေဖြင့်မှတ်တမ်းတင်ထားခြင်း
ခံရသောသူများသည်ထိုအကြောင်းကိုမသိကြဘဲသူတို့ကိုယ်ကိုလူ
ကောင်းသူကောင်းများဟူ၍ဝါကြွားမှုမရှိကြ။"

"ခရစ်ယာန်အကျင့်မျိုးရရှိအောင်အမှန်တကယ်
ကြိုးပမ်းသောသူတို့သည်သူတို့၌အပြစ်မရှိဆိုသောစိတ်ကူးမျိုးကိုလက်
မခံကြ။ သူတို့၏ဘဝအသက်တာများသည်အပြစ်ဆိုနိုင်ဖွယ်မရှိသော
အခြေအနေတွင်ရှိကောင်းရှိမည်။ သူတို့လက်ခံထားရှိသောသမ္မာတရား
အတွက်စိတ်ထက်သန်သောကိုယ်စားလှယ်တော်များဖြစ်ကောင်းဖြစ်
မည်။ သို့ရာတွင်ခရစ်တော်၏တန်ခိုးတော်အာရုံပြုဖို့သူတို့၏စိတ်များ
ကိုဆုံးမသွန်သင်လေလေ၊ ကိုယ်တော်၏ပုံသဏ္ဍာန်တော်၏အစွန်းအထင်းကင်း
သောစုံလင်ခြင်းကိုပိုမိုပြတ်သားစွာခွဲခြားသိမြင်လာပြီးလျှင်သူတို့၏ချို့

တဲ့ခြင်းကိုပိုမိုနက်ရှိုင်းစွာသိရှိလေလေဖြစ်မည်။"

"သင်သည်ယေရှု၏အနီးသို့ပိုမိုနီးကပ်စွာချဉ်းကပ်လေလေသင်၏အမြင်တွင်အပြစ်များသောသင်၏ရုပ်လုံးကိုပိုမိုမြင်လေလေဖြစ်မည်။ အဘယ်ကြောင့်ဆိုသော်သင်၏အမြင်အာရုံသည်ပိုမိုကြည်လင်လာ၍ကိုယ်တော်၏သဘာဝနှင့်ခြားနားသောချို့တဲ့မှုများကိုပိုမိုပြတ်သားကြည်လင်စွာတွေ့မြင်လေလေဖြစ်မည်။"

စာတန်၏ထောင်ချောက်

"ခေတ်ကာလအဆုံးသို့နီးကပ်လာသောအခါကျွန်ုပ်တို့အထဲတွင်တစ်ဖက်စွန်းဝါဒသွတ်သွင်းလာဖို့ ရန်သူတည်းဟူသောစာတန်သည်အတတ်နိုင်ဆုံးကြိုးပမ်းလိမ့်မည်ဖြစ်သည်။"

"အလင်းရောင်ဝတ်ရုံဖြင့်ခြုံထားသည့်မှားယွင်းသောသဘောတရားရေးရာများကိုဘုရားသခင်၏လူတို့အားတင်ပြကြလိမ့်



မည်။ ဤနည်းအားဖြင့် စာတန်သည် ရွေးချယ်သောသူတို့ကိုလှည့်ဖြားနိုင်လျှင် လှည့်ဖြားနိုင်လောက်အောင် ကြိုးပမ်းလိမ့်မည်။"

"ကျွန်ုပ်တို့သည် အမှုကုန်ဆုံးချိန်သို့နီးကပ်လာသောအခါ သန့်ရှင်းသောဝိညာဉ်တော်၏လမ်းပြပို့ဆောင်မှုကိုရောနှောနေသောအမှားများကို ပိုင်းခြားသိမြင်နိုင်လိမ့်မည်။"

"မိစ္ဆာဆရာတို့သည် ဘုရားသခင်၏အမှုတော်အတွက် စိတ်အားထက်သန်သောလက္ခဏာရှိကောင်းရှိပေမည်။ ကမ္ဘာနှင့်အသင်းတော်မျက်မှောက်တွင် ငွေကြေးများအကုန်အကျခံ၍သူတို့၏သဘောတရားရေးရာများကိုတင်ပြကြမည်ဖြစ်သည်။ သို့ရာတွင် သူတို့သည်အမှန်တရားကို အမှားနှင့်ရောနှောရာတွင်သူတို့၏သတင်းစကားသည် လှည့်ဖြားမှုဖြစ်သောကြောင့် ဝိညာဉ်များတို့ကို မှားယွင်းသောလမ်းများထဲသို့ပို့ဆောင်မည်ဖြစ်သည်။ သူတို့ကိုရင်ဆိုင်၍ ကန့်ကွက်ရမည့်အကြောင်းမှာ — သူတို့သည်လူဆိုးသူဆိုးဖြစ်သောကြောင့်မဟုတ်ဘဲ အမှားကိုသွန်သင်ပို့ချသောဆရာများဖြစ်၍ အမှားတရားများပေါ်တွင် အမှန်တရား၏တံဆိပ်ကိုတင်ထားရန် ကြိုးပမ်းမှုကြောင့်ဖြစ်သည်။"

"ကိုယ်တော်ရွေးချယ်ထားတော်မူသောသူများနှင့်ကိုယ်တော်၏ပညတ်တော်များကိုစောင့်ထိန်းသောသူများပါဝင်သည့်အသင်းတော်တစ်ခုကို မြေကြီးပေါ်တွင် ဘုရားသခင်ထားရှိတော်မူသည်။ ကိုယ်တော်သည် သင်းခွဲတည်ထောင်သူမဟုတ်၊ ဟိုမှာတစ်ယောက်၊ ဒီမှာတစ်ယောက်ကွဲပြားအောင်လုပ်သူလည်းမဟုတ်ဘဲလူတစ်စုကို ဦးဆောင်မှုပေးနေတော်မူသည်။"

ကျန်ကြွင်းသောအသင်းတော်၌ရှိကြသော ခေါင်းဆောင်များ

သို့မဟုတ်အသင်းသူအသင်းသားများတို့အား အပြစ်ရှာဝေဖန်ပြောဆိုခြင်းအားဖြင့် စာတန်ကိုအကူအညီပေးရန် သွေးဆောင်မှုခံရသောသူတို့သည် အောက်ပါကိုးကားချက်များ၌ပါရှိသောဘုရားသခင့်သံတမန်၏အကြံပေးချက်ကို စဉ်းစားသင့်ကြပေသည်။

“ဤကမ္ဘာပေါ်တွင်ကိုယ်တော်၏အသင်းတော်လောက် ဘုရားသခင်နှစ်သက်မြတ်နိုးသောအရာမရှိပေ။ ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်နေသောသူတို့၏သြဇာညောင်းမှုကိုပျက်စီးရာပျက်စီးကြောင်းလုပ်ဆောင်သောလုပ်ရပ်များလောက် ဘုရားသခင်၏အမျက်တော်ကိုနှိုးဆော်သောအရာမရှိပေ။ စာတန်၏အပြစ်ရှာဝေဖန်ပြောဆိုခြင်းနှင့်စိတ်အားလျော့အောင်ပြောဆိုခြင်းလုပ်ငန်းတို့တွင် ကူညီဆောင်ရွက်ကြသောသူရှိသမျှတို့သည် ဘုရားသခင်နှင့်ရင်ဆိုင်စာရင်းရှင်းရလိမ့်မည်။”

“ကျွန်ုပ်တို့၌ကြီးမားသောစိတ်အားထက်သန်မှုရှိရကြမည်။ ဝေဖန်ပြောဆိုခြင်းနှင့်မတရားစွပ်စွဲပြောဆိုခြင်းများပြုလုပ်ရန် ကျွန်ုပ်တို့၌အချိန်မရှိ။”

“ယေရှုကိုချစ်သောသူတို့သည် ကိုယ်တော်၏ ကိုယ်စားပြုအသေခံထားတော်မူသောသူတို့ကိုချစ်ကြမည်။ စိတ်နှလုံးထဲ၌စိုက်ပျိုးအမြစ်တွယ်နေသောသမ္မာတရားက ယေရှု၏မေတ္တာတော်နှင့် ၎င်း၏ပြုပြင်ပြောင်းလဲပေးနိုင်သောတန်ခိုးအာနိသင်ကိုဖော်ပြလိမ့်မည်။ ကြမ်းတမ်းသောစကား၊ ဃက်ထန်သောအပြောအဆိုအလုပ်အကိုင်၊ အပြစ်ရှာခြင်း၊ နိုင်လိုမင်းထက်ပြုလုပ်ခြင်းတို့သည် ခရစ်တော်၏သဘောတရားများမဟုတ်ဘဲ စာတန်မှအစပြုထွက်ပေါ်လာသောသဘောတရားရေးရာများဖြစ်သည်။”

အပြစ်တင်ပြောဆိုခြင်းကို နှစ်သက်သောသဘောထားသည်



ကျွန်ုပ်တို့အတွက်အန္တရာယ်ကိုညွှန်ပြသောအချက်ပြချက်ဟုယူဆသင့်သည်။ အဘယ်ကြောင့်ဆိုသော် သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုသန့်စင်စေခြင်းနှင့်ပြုပြင်ပြောင်းလဲခြင်းများဆောင်ရွက်ပေးတော်မူသောအခါ ကျွန်ုပ်တို့၏စိတ်နှလုံးများသည် ဘုရားသခင်နှင့်ကျွန်ုပ်တို့၏အသင်းတော်သူအသင်းတော်သားတို့အားချစ်တတ်သောသဘောနှင့်ပြည့်ဝနေမည်ဖြစ်သည်။

ကျန်ကြွင်း သောအသင်းတော်မှအသင်းဝင်အများစုတို့သည် လောဒိကိအသင်းတော်၏အခြေအနေမျိုးတွင် ရပ်တည်နေသည်မှာ အမှန်ဖြစ်၍ ၎င်းတို့အနက်အများသောသူတို့ကိုဆန်ခါဖြင့်ခါချပစ်မည်မှာ အမှန်ဖြစ်သော်လည်း မှန်ကန်သောသက်သေခံတည်းဟူသောခရစ်တော်၏အကြံပေးတိုက်တွန်းချက်ကိုနာခံမည့်သစ္စာရှိသောလူတစ်စု

သည် အသင်းတော်၌ရှိနေသည်။ ထိုသူတို့သည်နောက်မိုးကိုလက်ခံရရှိရန် အဆင်သင့်ဖြစ်နေ၍ သတင်းစကားကိုဟောပြောရာတွင် အသံကျယ်ကြွေးကြော်သံငြဖွဲ့ပါဝင်ဆောင်ရွက်ပြီး ဘဝပြောင်းလဲမှုတွင်ပါဝင်ရန်အဆင်သင့်ဖြစ်နေပြီးဖြစ်လိမ့်မည်။

ငင်းအသင်းတော်သည် ကျန်ကြွင်းသောအသင်းတော်ဖြစ်သည်။ ဘုရားသခင်သည်လူ့ပ်ရှားမှုအသစ်တစ်ခုကိုဦးဆောင်လမ်းပြပြုလုပ်လိမ့်မည်မဟုတ်ပေ။ နောက်မိုးရွာချိန်တွင် သစ္စာရှိသောသူများက သတင်းစကားတော်ကိုတန်ခိုးအာနိသင်အပြည့်အဝဖြင့်ဟောပြောကြသောအခါလမ်းလွဲနေသောအသင်းတော်များမှ မြောက်မြားစွာသောသူတို့သည်ထွက်လာ၍ သူတို့၏အရှင်သခင်ခရစ်တော်အတွက်သက်သေခံလျက် ဖန်ရေကန်၌ရပ်တည်နေသောရွေးနုတ်ခြင်းခံရသည့်လူစုလူဝေးနှင့်အတူအောင်ပွဲကိုဆင်နွှဲကြမည်ဖြစ်သည်။

ယခုအချိန်သည်နောက်မိုးအတွက်ပြင်ဆင်ရန်အချိန်ဖြစ်သည်။ ဤကဲ့သို့သောပြင်ဆင်မှုလုပ်ငန်းကိုပထမမိုးရွာသွန်းချိန်တွင် ဆောင်ရွက်ရမည်ကို ကျွန်ုပ်တို့နေ့စဉ်ရက်ဆက်သတိရရှိကြရမည်။

၇၈

စဉ်းစားရန်အတွက်အပိုကိုးကားချက်များ

“ကျွန်ုပ်၏အာရုံကိုဘုန်းတန်ခိုးတော်မှလွှဲဖယ်၍ ကျန်ကြွင်းသောအသင်းတော်ဝင်များကိုညွှန်ပြပါသည်။ ကောင်းကင်တမန်ကသူတို့အားသင်တို့သည်နောက်ဆုံးဘေးဒဏ်ခုနစ်ပါးကိုရှောင်ရှားလိုကြသလား။ သင်တို့သည်ဘုန်းတန်ခိုးတော်ရှိရာသို့သွားရောက်လျက်ကိုယတော်ကိုချစ်၍ ကိုယ်တော့်အတွက်အနစ်နာခံလိုသောသူတို့အတွက်ပြင်ဆင်ထားတော်မူသမျှသောအရာများအားလုံးကိုခံစားရန်ဆန္ဒရှိကြပါသလား။ ဆန္ဒရှိလဆင်သင်တို့သည်အသက်ရှင်မည်အကြောင်းသေရကြမည်။အသင့်ရှိပါ၊အသင့်ရှိပါ၊အသင့်ရှိပါ။သင်တို့သည်ယခုအချိန်၌ရှိရကြမည်။ရှိသမျှကိုဘုရားသခင်အားဆက်ကပ်ပါ။ ကိုယ်တိုင်ပစ္စည်းပစ္စယများအပါအဝင်ရှိသမျှကိုအသက်ရှင်သောပူဇော်သကားအနေဖြင့်ကိုယ်တော်၏ယဇ်ပလ္လင်ပေါ်တွင်တင်ထားပါ၊ ဘုန်းတော်ကိုဝင်စားနိုင်ရန် ရှိသမျှကိုစွန့်လွှတ်ပစ်ရမည်။”

“အကယ်၍ဒုက္ခများခံစားပြီး၍ကောင်းကင်သို့ဝင်စားခွင့်ရရှိလျှင်ကောင်းကင်ဘုံသည်ဈေးပေါသောနေရာဖြစ်ပါသည်တကား။– တစ်လမ်းလုံးကျွန်ုပ်တို့သည်ကိုယ်ကိုငြင်းပယ်လျက်၊ ဇာတိစိတ်သဘောကိုနေ့စဉ်သေစေလျက်ယေရှုတစ်ဦးတည်းကိုသာပေါ်လွင်ထင်ရှားစေ၍ ကိုယ်တော်၏ဘုန်းတော်ကိုအမြဲတစေမြင်ကွင်းမှာရှိစေပါ။”

“ကောင်းကင်တမန်က၊ ‘ကိုယ်ကိုငြင်းပယ်လော့၊ ခြေလှမ်းကျဲကျဲလှမ်းပါ။’”

“သင့်ဇာတိရုပ်ကိုသင့်အားပြသ၇န်ကိုယ်တော်ထံ

တောင်းဆိုပါ၊ ဇာတိပကတိသည်သေရမည်။”

“ကျွန်ုပ်တို့အနာဂတ်ကာလဆိုင်ရာထာဝရရှင်လန်းမှုသည်ကျွန်ုပ်တို့၏လူ့ဇာတိနှင့်အတူတကွ ၄င်း၏စွမ်းရည်ရှိသမျှ၊ တန်ခိုးအင်အားရှိသမျှတို့အားဘုရားသခင်၏စကားတော်ကိုနာခံစေ

၇၉

လျက် ကိုယ်တော်၏ကွပ်ကဲအုပ်ထိန်းမှုအောက်တွင် ထားရှိခြင်းအပေါ်၌အမှီတံကဲပြုသည်။”

“လူနှင့်ဘုရားသခင်စပ်ကြားဖျန်ဖြေရေးလုပ်ငန်းကိုလုပ်ဆောင်ရန်လည်းကောင်း၊ စာတန်၏ဖြားယောင်းသွေးဆောင်မှုကိုခံရမှုကြောင့် ဒေင်ဥယျာဉ်၌ဆုံးရှုံးခဲ့သောမလစိတ်သဘောကိုပြန်လည်ရရှိစေရန်လည်းကောင်း ယေရှုသည်လူ့ဇာတိကိုယူဆောင်တော်မူသည်။”

“---ခရစ်တော်ယေရှုအားဖြင့်လူတိုင်းအောင်မြင်သောသူဖြစ်နိုင်သည်။”

“လူတို့ငှါသည်စိတ်အားထက်သန်မှုမုချရှိစေရန်ဘုရားသခင်သည်အလိုရှိတော်မူသည်။”

“ထကြွလှုံ့ဆော်ပေးနိုင်သောတန်ခိုးပြန်လည်လန်းဆန်းကြံ့ခိုင်လာစေနိုင်သောတန်ခိုးနှင့်ပြုပြင်ပြောင်းလဲပေးနိုင်သောတန်ခိုးများနှင့်ပြည့်ဝသည့်သန့်ရှင်းသောဝိညာဉ်တော်၏စွမ်းအားကြီးသည့်အင်အားများသည် လျှပ်စစ်စေါတ်အားဖြင့်တို့ထိမိလိုက်သကဲ့သို့လက်ခြေသေနေသည့်ပမာ အင်အားချို့တဲ့နေသောစိတ်ဝိညာဉ်အပေါ်သို့ဆင်းသက်လာလျက် အာရုံကြောရှိသမျှကို အင်သစ်အားသစ်ရရှိစေပြီးလျှင်လူ့တစ်ကိုယ်လုံးအားအသေဖြစ်နေသောဘဝ၊ မြေကြီးဆိုးရာဘဝနှင့်ကာမဂုဏ်လိုက်စားတတ်သောဘဝမှ ဝိညာဉ်ရေးဆိုင်ရာကြံ့ခိုင်မှုရှိသောအဆင့်အတန်းသို့ရောက်ရှိစေနိုင်ရန်ဆုတောင်းကြပါ။၄င်းနည်းအားဖြင့်သင်တို့သည်ဘုရားသခင်၏ဇာတိတော်နှင့်ဆက်ဆံမှုရှိလျက်တပ်မက်ခြင်းအားဖြင့်ကမ္ဘာတစ်ဝန်းဖြစ်ပျက်နေသောတရားမစောင့်မှုများမှကင်းလွတ်လာခဲ့ပြီးဖြစ်လိမ့်မည်။ သင်တို့၏အနာကိုပျောက်စေသောဒဏ်ချက်များခံရသည့်ကိုယ်တော်၏ပုံသဏ္ဍာန်တော်သည်သင်တို့၏ဝိညာဉ်များထဲ၌ပြန်လည်ထင်ပေါ်လာလိမ့်မည်ဖြစ်သည်။”

၈၀

“သန့်ရှင်းခြင်းသို့ရောက်ရှိ၍အမြဲတမ်းသန့်စင်နေသောအခြေအနေ၌ရပ်တည်နေနိုင်ရန် သတ္တမနေ့သပုဒ်အသင်းသူအသင်းသားများသည်
မိမိတို့၏စိတ်နှလုံးများနှင့်အိမ်ဂေဟာများတွင်သန့်ရှင်းသောဝိညာဉ်တော်ကိန်းဝပ်မှုရှိရကြမည်။ ယခုခေတ်ဣသရေလလူမျိုးသည်

ကိုယ်တော်၏ မျက်မှောက်တော်တွင်မိမိတို့၏ ကိုယ်ကိုနှိမ့်ချလျက်နေ၍ ဝိညာဉ်ဗိမာန်မှညစ်ညူးမှုရှိသမျှကို ဖယ်ရှားသုတ်သင်ပစ်လျှင် ကိုယ်တော်သည်သူတို့၏ ဖျားနာသောသူတို့အတွက် ကောင်းသောဆုပတ္ထနာများကိုနားညောင်းတော်မူပြီး ရောဂါကုသမှုအတွက်ကိုယ်တော်၏ ဆေးဝါးများကိုအသုံးပြုရာတွင်ကောင်းချီးပေးတော်မူမည်ဖြစ်ကြောင်းကိုကိုယ်တော်ကကျွန်ုပ်အားမိန့်တော်မူပါသည်။”

“သန့်စင်လာသောစိတ်နှလုံးအတွက် ခပ်သိမ်းသောအရာတို့သည်ပြောင်းလဲသွားကြပြီ။ သူတို့၏ စာရိတ္တပြောင်းလဲသွားမှုကသူတို့၏ စိတ်နှလုံးအတွင်း၌ခရစ်တော်ကိန်းဝပ်တော်မူကြောင်းကမ္ဘာကြီးကိုသက်သေခံလျက်ရှိသည်။သန့်ရှင်းသောဝိညာဉ်တော်ကစိတ်နှလုံးအတွင်း၌အသစ်သောဘာဝကိုဖန်ဆင်းပေး၍ စိတ်နှလုံး၏ စိတ်ကူးများနှင့်လိုအင်ဆန္ဒရှိသမျှတို့အားခရစ်တော်၏ အလိုတော်ကိုနာခံစေသည်။အတါင်းလူကိုလည်း ဘုရားသခင်၏ ပုံသဏ္ဍာန်တော်နှင့်တညီတညွတ်တည်းဖြစ်အောင်အသစ်ပြုပြင်ပေးတော်မူသည်။”

“တမန်တော်များပြုလုပ်ခဲ့သမျှအတိုင်းယခုခေတ်အသင်းသားတိုင်းပြုလုပ်ကြရမည်။”

“စုံလင်ခြင်းပန်းတိုင်သို့တိုးတက်ရောက်ရှိနိုင်ရန် သူတို့သည်နေ့စဉ်အသစ်သောကျေးဇူးတော် ထောက်ပံ့မှုအတွက်ဆုတောင်းကြသည်။သန့်ရှင်းသောဝိညာဉ်တော်၏ ဆောင်ရွက်မှုကြောင့် အင်အားအနည်းဆုံးသူများပင် ဘုရားသခင်ကိုယုံကြည်ခြင်းအားဖြင့် သူတို့၌အပ်နှင်းထားတော်မူသောစွမ်းရည်များကိုတိုးတက်ကောင်းမွန်အောင်ပြုလုပ်ရန်လည်းကောင်း၊ သန့်စင်မှု၊ယဉ်ကျေးမှု၊ စိတ်ထားမြင့်



မြတ်မှုရှိရန်လည်းကောင်းသိရှိလာကြသည်။ နှိမ့်ချသောစိတ်ဖြင့် သန့်ရှင်းသောဝိညာဉ်တော်၏ ပုံသွင်းမှုကိုဝန်ခံလျှင်သူတို့သည်ထာဝရဘုရားသခင်ထံတော်မှလိုအပ်သောကောင်းချီးမင်္ဂလာကိုရရှိ၍ကိုယ်တော်၏ ပုံသဏ္ဍာန်တော်နှင့်တူညီသောအသွင်ကိုဆောင်ရန်ပြုပြင်ခြင်းကိုခံရကြမည်။”

“---အားလုံးသောသူတို့၌အလိုဆန္ဒရှိလျှင် သန့်ရှင်းသောဝိညာဉ်တော်၏ တည်ရှိမှုကိုအပြည့်အဝရရှိကြမည်။”

“လူတည်းဟူသောကိုယ်စားလှယ်သည်ဘုရားသခင်၏ အလိုတော်ကိုဝန်ခံလိုက်နာလျှင်သန့်ရှင်းသောဝိညာဉ်တော်ကသူဟောပြောသွန်သင်သောသူတို့၏ စိတ်၌သူဟောပြောသွန်သင်ပေးသမျှကိုစွဲမှတ်ထားစေလိမ့်မည်ဖြစ်သည်။’

“ကျွန်ုပ်တို့၏ အမှုတော်ကိုဆောင်ရွက်ရာတွင်ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့မှုမှရရှိသောလက်တွေ့ကောင်းကျိုးထက်လိုအပ်သောအရာသည်မရှိပေ။ ကယ်တင်သောသခင်၌ငြိမ်သက်ခြင်းနှင့်

ချမ်းသာမှုရှိကြောင်းကိုကျွန်ုပ်တို့၏နေ့စဉ်ဘဝအသက်တာအားဖြင့်ပြသသင့်ကြသည်။ စိတ်ထဲ၌ရှိသောကိုယ်တော်၏ငြိမ်သက်မှုချမ်းသာသည်မျက်နှာတွင်ထွန်းလင်းလျက်ရှိမည်။ ၄င်းကစကားသံအားဆွဲဆောင်နိုင်သောသတ္တိကိုပေးလိမ့်မည်။ ဘုရားသခင်နှင့်မိတ်သဟာယဖွဲ့ခြင်းကအကျင့်နှင့်ဘဝအသက်တာကိုမြင့်မြတ်စေလိမ့်မည်။ ရှေးတပည့်တော်များကဲ့သို့ ကျွန်ုပ်တို့သညယေရှုနှင့်အတူရှိခဲ့သည်ကိုလူတို့သည်အသိအမှတ်ပြုကြလိမ့်မည်။ ထိုကဲ့သို့ယေရှုနှင့်အတူရှိခဲ့ခြင်းကအခြားအရာတစ်ခုခုကမျှမပေးနိုင်သောစွမ်းရည်အားအမှုတော်ဆောင်ကိုပေးအပ်လိမ့်မည်။ ဤစွမ်းရည်ကိုအဘယ်သူမျှလက်မလွှတ်စေသင့်။”

၈၂

အတိုင်းအတာမရှိသောဖြစ်နိုင်ဖွယ်ရာများ

“ခရစ်တော်ကိုအများဆုံးချစ်သောသူသည်ကောင်းမှုကိုအများဆုံးပြုလုပ်လိမ့်မည်။ မိမိကိုယ်ကျိုးကိုဘေးဖယ်၍မိမိစိတ်နှလုံးကိုသန့်ရှင်းသောဝိညာဉ်တော်ကပြုပြင်ပေးနိုင်ရန်နေရာပေး၍ဘုရားသခင်ကိုလုံးလုံးလျားလျားအပ်နှံထားသော
ဘဝမျိုး၌ကျင်လည်သောပုဂ္ဂိုလ်၏အသုံးဝင်မှုသည်အတိုင်းအတာမရှိပေ။”

“ကိုယ်တော်၏အမှုတော်ကိုထမ်းဆောင်ရန်ထိမ်ချန်မှုလုံးဝမရှိဘဲမိမိကိုယ်ကိုကိုယ်တော်အားအပ်နှံသောသူတို့ကိုတိုင်းထွာ၍မရသောအကျိုးဖြစ်ထွန်းမှုများရရှိနိုင်စေမည့် စွမ်းရည်ကိုပေးတော်မူမည်။”

ငါသည်တံခါးရှေ့မှာရပ်လျက်ခေါက်၍နေ၏

“ခရစ်ယာန်ဟုမိမိကိုယ်ကိုခေါ်တွင်သောသူတို့၏ကြီးမားသောအပြစ်သည်သန့်ရှင်းသောဝိညာဉ်တော်ကိုခံယူရန်အတွက်မိမိတို့၏စိတ်နှလုံးတံခါးကိုမဖွင့်ပေးဘလဲနေခြင်းဖြစ်သည်။”

“သင်၏စိတ်နှလုံးတံခါးကိုဖွင့်ပေးလျှင်ယေရှုသည်သန့်ရှင်းသောဝိညာဉ်တော်တည်းဟူသောဆုကျေးဇူးထည့်သွင်းပေးတော်မူမည်။ ထိုအခါသင်သည်သင်၏အိမ်ဂေဟာတွင်လည်းကောင်း၊ အသင်းတော်တွင်လည်းကောင်း၊ ကမ္ဘာကြီးတွင်လည်းကောင်း စိတ်ထက်သန်သောမေ့ဆရာဖြစ်လာနိုင်သည်။”

“တမန်တော်များပြုလုပ်ခဲ့သမျှအတိုင်းယခုအခါတွင်အသင်းသူအသင်းသားတိုင်းပြုလုပ်ဆောင်ရွက်ကြရမည်။ အရှိန်တိုးတက်နေသောဆိုးသွမ်းမှုတို့ကလူတို့အားနောင်တရရန်ပြတ်သားစွာခေါ်ထုတ်ဖို့တောင်းဆိုနေသောကြောင့်ကျွန်ုပ်တို့သည်သန့်ရှင်းသောဝိညာဉ်တော်၏လက်ဆွဲဆောင်ရွက်မှုဖြင့်ခါတိုင်းနှင့်မတူတစ်မူထူးခြားသောစိတ်ထက်သန်မှုမျိုးဖြင့်အမှုတော်ကိုထမ်းဆောင်ကြရမည်။”

“အမှုကုန်ဆုံးသောကာလသည်နီးကပ်နေပြီဖြစ်သောယခုအချိန်မျိုး၌အသင်းတော်၏စိတ်ထက်သန်ထကြွမှုသည်ကမ္ဘာဦးခေတ်ကအသင်းတော်ထက်

အဆပေါင်းများစွာပိုမိုမြင်မားသင့်သည်မဟုတ်ပါလော။တမန်တော်တို့၏လက်ထ
က်ကထက်
ယခုအခါတွင်ဘုရားသခင်၏တန်ခိုးတော်သည်ပိုမိုအင်အားကြီးစွာဖြင့်ပေါ်လွင်
ထင်ရှားစွာပြသစေသင့်သည်မဟုတ်ပါလော။"

---ooo---